မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၈၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တိုင်းဂုဏ်ဆောင် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ဂုဏ်ပြုပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ထောက်ပံ့ငွေနှင့် ပညာသင်စရိတ်များပေးအပ်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၀၅-၂၀၀၆ခုနှစ် တိုင်းဂုဏ်ဆောင် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁၂ရက် မွန်းလွဲ၂နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် အနော်ရထာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ တို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူး **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေ နှင့် ပညာသင်စရိတ်များ ပေးအပ်သည်။

ဆုချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စွမ်းရည်သုံးရပ်ထူးချွန်ဆု၊ ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲဆု၊ စစ်စည်းကမ်း ပထမဆု၊ နွေစပါး ပန်းတိုင်အထွက်နှုန်းပြည့်မီဆု၊ *စာမျက်နှာ ၇ ကော်လံ ၁* ■

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒီမိုကရေစီအရေးကို အကြောင်းပြ၍ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်မှုကြောင့် အမေရိကန်အစိုးရသည် ကမ္ဘာ့ နိုင်ငံများနှင့် ပြည်သူများ၏ ဆန့်ကျင် သပိတ်မှောက်မှုကို မလွဲမသွေရင်ဆိုင်ရမှာဖြစ်။ အမေရိကန်သုတေသီပညာရှင်အချို့ကပင် အသွင်ပြောင်း ဒီပလိုမေစီကျင့်သုံးမှုကြောင့် အမေရိကန်အစိုးရကို ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ထောက်ခံကြမည်မဟုတ်သည့်အပြင် ကမ္ဘာ့နိုင်ငံများအကြား၌ အမေရိကန် နိုင်ငံကို မလိုလားအပ်သောနိုင်ငံအဖြစ် ခံယူသွားမှာဖြစ်ကြောင်း သတိပေး ပြောဆိုလျက်ရှိ။

စာရေးသူတစ်ဦး၏ အမေရိကန်အသွင်ပြောင်း ဒီပလိုမေစီနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဘာသာပြန်ဆောင်းပါး (စာ - ၈ နှင့် ၉) ၌ ဖတ်ရှုနိုင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

နိုင်ငံ့စီးပွားမြင့်မားစေမည့် ဆည်တမံများ

နိုင်ငံတော်အစိုးရက ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ ရရှိရေးလုပ်ငန်းများနှင့် ကန်ငယ် ချောင်းငယ်များကို နိုင်ငံအနှံ့၊ ဒေသအနှံ့ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားကြီးများအတွက် လယ်မြေဧက ၈၀၀၀ကို စိုက်ပျိုးရေ ထုတ်လွှတ်ပေးနိုင်မည့် ချောင်းမငယ်ရေလှောင်တမံကို ဇူလိုင်လ ၁၂ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်လိုက်သည်။

ချောင်းမငယ်ရေလှောင်တမံသည် နိုင်ငံတော်အနေဖြင့် ၁၉၈၈ခုနှစ်က စတင်တည်ဆောက်ခဲ့သည့် ဆည်မြောင်းစီမံကိန်းများ၏ ၁၈၇ခုမြောက် စီမံကိန်းဖြစ်ပြီး နေပြည်တော်တိုင်းအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သော စီမံကိန်းများအနက် ၁၀ခုမြောက် စီမံကိန်းဖြစ်သည်။

ချောင်းမငယ်ရေလှောင်တမံ တည်ဆောက်ပြီးစီးသွားသည့်အတွက် လယ်ဝေးမြို့နယ်၌ လယ်မြေ ဧက ၈၀၀၀ ကို ဆည်ရေပေးသွင်း စိုက်ပျိုးနိုင်ရုံသာမက ရေအားလျှပ်စစ်ဓာတ်အား ကီလိုဝပ် ၅၀ ထုတ်ယူသုံးစွဲနိုင်မည် ဖြစ်သည်။

ရေလှောင်တမံ ဖွင့်လှစ်နိုင်ခြင်းကြောင့် တောင်သူလယ်သမားကြီးများသည် စိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်း၊ အထွက်နှုန်းကောင်းစေခြင်းဖြင့် ၎င်းတို့မိသားစုများ၏အကျိုးစီးပွားမြင့်မားစေပြီး နိုင်ငံအတွက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင် ပြည်သူများအတွက် ရိက္ခာဖူလုံစေမည် ဖြစ်သည်။

လယ်သမားများက မျိုးကောင်းမျိုးသန့်များကို မြေကောင်းမြေသန့်တွင် စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ရာသီမှန်စိုက်ပျိုးကာ ဆည်ရေကို လိုသလိုမှန်ကန်စွာ အသုံးပြုခြင်းဖြင့် သီးနှံများ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းမွန်လာမည် ဖြစ်သည်။

လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ မှန်ကန်စွာ ရောက်ရှိစေခြင်းသည် ပို့ဆောင်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍများတွင်ပါ ဖွံ့ဖြိုးစေလျက်ရှိရာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများတွင် တစ်နေ့တခြားတိုးတက်ကောင်းမွန်လာသဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍလည်း မြင့်မားလျက်ရှိကြောင်း တွေ့မြင်နိုင်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅-၇-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **“ကာယနုပဿနာသတိပဋ္ဌာန်”**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **“မမုန်းချက်ဖြေ”** သရုပ်ဆောင်-နေတိုး၊ မို့မို့မြင့်အောင်၊ မေသဉ္ဇာဦး

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄၀ ၅။ မျိုးချစ်တပ်မတော်
၄း၅၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း-၃၅)
၈း၀၀ ၁၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **“ဆရာတော်ကြီး၏ စေတနာ လူငယ်များအတွက် ဗုဒ္ဓဘာသာ”**
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လက်မတင်ကလေး”** (အပိုင်း-၁၆)

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ရက်နံနက်ပိုင်းက နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျံ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူးနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ရှေ့နေချုပ်ဦးအေးမောင်၊ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိသားစု၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်တို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (အပေါ်ပုံ)

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကျို၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်နှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ထို့နောက် ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ယင်းနောက် ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌက အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့် ဇနီး၊ အဖွဲ့ဝင်များက ဆရာတော်ကြီး များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် ဇူလိုင်လ ၁၆ရက် (တနင်္ဂနွေနေ့)

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာ ကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန။

စလင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၄

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၁၆ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံဘုရားလမ်း ဆောက်လုပ်ရေးဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။ ရန်ကုန်ရောက် စလင်းမြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းနှင့်အလှူငွေများကိုဒေါက်တာထွန်းဆိုင် ဖုန်း-၆၁၀၈၁၇၊ ဦးငွေကြွယ် ဖုန်း-၅၁၀၃၁၇၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၀၄၄၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁-၁၇၂၉၉ တို့နှင့် နီးစပ်ရာ အမှုဆောင်များထံတွင် လည်းကောင်း၊ အခမ်းအနား ကျင်းပသည့်နေ့၌ ဆောက်လုပ်ရေးဓမ္မာရုံတွင်လည်းကောင်း လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ကျေးနင်းကြီးကျေးရွာတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

***** *ကျောဖုံးမှ*

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်ကိစ္စများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

လက်ခံ

ဆက်လက်၍ဝန်ကြီးက နားတော်လျှောက် ကျေးရွာစာသင်ကျောင်း ပြုပြင်ရန်အတွက် ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ကျေးနင်းကြီးကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ အဝတ်အထည်များနှင့် စောင်များကိုလည်းကောင်း၊ စာသင်ခုံများနှင့် ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းသုံးစာအုပ်များ၊ ခဲတံ၊ ဘောပင်များကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံကိုလည်းကောင်း၊ ဆပ်ပြာမွှေးများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဝန်ကြီးသည် ပုလဲမြို့နယ်အတွင်းရှိ ကျီးပင်ကျေးရွာသို့ ရောက်ရှိ၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပုလဲမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာတစ်ခုဖြစ်သည့် ဖလံပင်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဖလံပင်၊ မိုးကောင်း၊ သဲပြင်ကျယ်၊ အေးချမ်းသာ၊ ရှားတော၊ လဲကန်၊ ပိတောက်ကုန်း၊ အိုင်းမ၊ ကျီးပင်နှင့် ဝက်ကျကျေးရွာတို့မှ ဒေသခံပြည်သူ၂၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးရွာအလိုက်တာဝန်ရှိသူများက မိမိတို့ကျေးရွာအလိုက် လိုအပ်ချက်များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ကျေးရွာများမှ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများ စုပေါင်းပေးအပ်ပွဲကို ကျင်းပရာ မိုးကောင်း ကျေးရွာအုပ်စုက အသင်းဝင်အဆိုပြုလွှာ၁၉၅၆စောင်ကို စည်းရုံးရေးမှူး ဦးအောင်ဇော်ဝင်းကလည်းကောင်း၊ အေးချမ်းသာကျေးရွာ အုပ်စုက အသင်းဝင်အဆိုပြုလွှာ၁၂၅စောင်ကို စည်းရုံးရေးမှူး ဦးစိုးနိုင်ကလည်းကောင်း၊ သဲပြင်ကျေးရွာအုပ်စုက အသင်းဝင်အဆိုပြုလွှာ ၈၁၂စောင်ကို စည်းရုံးရေးမှူး ဦးလမင်းကလည်းကောင်း အသီးသီးပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးက အောင်ချမ်းသာကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ မိုးကောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ စောင်နှင့် အဝတ်အထည်များကို လည်းကောင်း၊ မွေးဆပ်ပြာများကိုလည်းကောင်း၊စာသင်ခုံများကိုလည်းကောင်း၊ ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ဘောပင်နှင့် ခဲတံများကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံတို့ကိုလည်းကောင်း၊ တေးသီချင်းနှင့် ဗီဒီယိုဗွီစီဒီများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ကျေးနင်းကြီးကျေးရွာအတွက် အဝတ်အထည်များနှင့် စောင်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပညာခေတ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲများ၌ အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီကျေးလက်ဒေသများ၏ အခြေအနေမှန်များကို သိရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်နှင့် အကြံပေးသင့်သည်များကို အကြံပေးနိုင်ရန် ယခုကဲ့သို့ လာရောက် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကို အထူးဦးစားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၍ ပညာတတ်များ များများပေါ်ထွန်းလာရန် ဆောင်ရွက်နေပါကြောင်း၊ မိဘများကလည်း မိမိ၏ကလေးများအား ပညာသင်ကြားပေးရန် တာဝန်ရှိကြောင်း၊ နည်းပညာများတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

တပ်မတော်အစိုးရတာဝန်ယူသည့် (၁၀)နှစ်ကျော်ကာလအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ဆည်မြောင်းတာတမံပေါင်း၁၈၀ ကျော်ကိုတည်ဆောက်ပေးခဲ့ပြီး ယာသမား၊ လယ်သမားများအတွက် ပံ့ပိုးအကျိုးပြုဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်အစိုးရက အခြေခံပညာမူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးမှုများ အပါအဝင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ၊လမ်းတံတားများကို ၉၀ ရာခိုင်နှုန်း တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ အခြေခံကောင်းများကိုမှီပြီး ပြည်သူများ စုပေါင်း၍ ပူးပေါင်းပါဝင်ကြိုးပမ်းပါက အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း။

တက်ညီလက်ညီ

နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အခက်အခဲမျိုးစုံနှင့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်ဟန့်တားပိတ်ဆို့မှု မျိုးစုံကြားထဲမှ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နယ်ချဲ့တို့က ယခင်က အင်အားသုံးပြီး တိုင်းပြည်သိမ်းကာ ကျွန်ပြုသည့်စနစ်ကိုကျင့်သုံးခဲ့ကြောင်း၊ ယခုအခါ ခေတ်သစ် ကျွန်ပြုသည့်နည်းဖြင့် နောက်ကနေ ကြိုးကိုင်ခြယ်လှယ်ပြီး ဩဇာခံများမွေးကာ ခေတ်သစ်ကျွန်ပြုနည်းကိုကျင့်သုံးနေကြောင်း၊ ထိုနည်းဖြင့် ကျွန်ပြုခြင်းမခံရလေအောင် အထူးသတိပြုရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးထူထောင်ရာတွင် ပြည်သူများက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန်လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ပုလဲမြို့နယ်အတွင်း တည်ဆောက်နေသော မြောက်ယမားရေကူရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုလေ့လာရာဆည်မြောင်း ဦးစီးဌာနတည်ဆောက်ရေး(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရိုက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နှုတ်ဆက်အားပေး

ထို့နောက်ဝန်ကြီးသည်နွယ်အင်း၊ တုံးကန်၊ ကန်ရိုး၊ အောင်ချမ်းသာ၊ ဦးနှောက်၊ ဝါးကြီးတောနှင့် သပြေကုန်းကျေးရွာတို့မှ ပြည်သူလူထုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ပုလဲမြို့နယ် လှိုင်းချောင်းရေလှောင်တမံလမ်းခွဲ၌ကျင်းပသည့် ပုလဲမြို့နယ် ခါ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခါ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ပုလဲမြို့နယ်ရှိ လှိုင်းချောင်းရေလှောင်တမံစီမံကိန်းသို့သွားရောက်ကြည့်ရှုလေ့လာရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၄)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရိုက ဒေသခံပြည်သူများ သီးနှံပိုမိုစိုက်ပျိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ချင်ပြစ်ကျင်း(မြောက်) ကျေးရွာနှင့် နွယ်အင်းကျေးရွာအနီးတွင် ရေဆင်းဧရိယာစတုရန်းမိုင် ၁၅ မိုင်ရှိသော မြေသားတမံအမျိုးအစားနွယ်ချောင်းရေလှောင်တမံစီမံကိန်းကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ယခုအခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

အဘိဓမ္မာပြန့်ပွားရေးအသင်း ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၁၄

ဆူးလေစေတီတော်ရင်ပြင် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဝါတွင်းတရားပွဲအဖြစ် ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ နေနတ်သားစာသင်တိုက် စာချဆရာတော် အရှင်သုစိတ္တ (သာသနဓဇဓမ္မာစရိယ)က ဝါခေါင်လဆန်း ၈ ရက်(အင်္ဂါနေ့)တွင်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ မဟာထေရ်မြတ် (အဘိဓဇမဟာရဋ္ဌဂုရု)က ဝါခေါင်လပြည့်နေ့တွင်လည်းကောင်း၊ နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုန္ဒာစရိယ(အဂ္ဂမဟာပဏ္ဍိတ)က ဝါခေါင်လပြည့်ကျော် ၈ ရက်တွင်လည်းကောင်း၊ ဘဒ္ဒန္တ စရိယ(သာသနဓဇသိရီပဝရ ဓမ္မာစရိယ) အောင်မင်္ဂလာကျားကျောင်း စမ်းချောင်းမြို့နယ်က ဝါခေါင်လကွယ်တွင်လည်းကောင်း၊ ပါဠိကာရီကျောင်းတိုက် သာကေတမြို့နယ်မှ ဘဒ္ဒန္တ အင်္ဂီသ(အဂ္ဂမဟာပဏ္ဍိတ)က တော်သလင်းလဆန်း ၈ ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာများ ချီးမြှင့်ဟောကြားမည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့ ကြွရောက်နာယူကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(က-ပ)

ကျပ် ၁၀၀ တန် ထီဖွင့်ပွဲ ဩဂုတ် ၁ ရက်၌ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

(၂၁၁)ကြိမ်မြောက် ငွေကျပ်၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဩဂုတ် ၁ ရက်တွင် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်း ဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၁ ဆု၊ ငွေကျပ် ၁၀ သိန်း ၄၆၄ ဆု၊ ငွေကျပ်ငါးသိန်းဆု ၂၀၊ ငွေကျပ်လေးသိန်း ၂၅ ဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၈၅၊ ငွေကျပ်တစ်သိန်းဆု ၁၄၄၀၊ ငွေကျပ်ရှစ်သောင်း ၆၃ ဆု၊ ငွေကျပ်လေးသောင်းဆု ၁၀၀၊ ငွေကျပ်နှစ်သောင်း ၁၄၉၃၄ ဆု စုစုပေါင်း ၁၇၂၆၉ ဆု ဖြစ်သည်။

(၂၁၁)ကြိမ်မြောက် ငွေကျပ်၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဩဂုတ် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ငွေကျပ် ငါးသိန်းနှင့်အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်မီးသွေးမှ သဘာဝဓာတ်ငွေ့ စွမ်းအင် ထုတ်ယူရရှိရေး တရုတ်အစိုးရ ကြိုးပမ်းမည်

ပေကျင်း ဇူလိုင် ၁၄

သဘာဝစွမ်းအင်များမှ ဒီဇယ်လောင်စာ ထုတ်ယူသကဲ့သို့ ကျောက်မီးသွေးမှ သဘာဝဓာတ်ငွေ့စွမ်းအင် ထုတ်ယူရရှိရေးကိုလည်း တရုတ်အစိုးရ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြင်ဆင်ရေးကော်မရှင် (အင်ဒီအာစီ)က လောင်စာဆီသုံးစွဲမှု လျှော့ကျနိုင်ရေးအတွက် ကျောက်မီးသွေးမှ သဘာဝဓာတ်ငွေ့ကဲ့သို့သော စွမ်းအင်ထုတ်ယူရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ကျောက်မီးသွေးမှ သဘာဝဓာတ်ငွေ့ထုတ်ယူခြင်းသည် နောင်တစ်ချိန်တွင် တရုတ်နိုင်ငံ ပြည်တွင်း၌ အဓိကစွမ်းအင်ထုတ်ယူရာ တစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ပြည်တွင်းနှင့် ပြည်ပသုတေသနဌာနမှ ပြောကြားသည်။

သမားရိုးကျမဟုတ်

ယခုအခါ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဂျပန်နှင့်ဥရောပသမဂ္ဂများကဲ့သို့ပင် သမားရိုးကျမဟုတ်သော လောင်စာစွမ်းအင်သုံး မော်တော်ယာဉ်များ တဖြည်းဖြည်း များလာလျက်ရှိသည်။

ပိုမိုများပြား

သမားရိုးကျ မဟုတ်သော လောင်စာစွမ်းအင်သုံး မော်တော်ယာဉ်များကို ယခုနှစ်တွင် အသုံးပြုပြေးဆွဲမှု ပိုမိုများပြားလာလျက်ရှိရာ ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ မတိုင်မီ တရုတ်၌ သမားရိုးကျမဟုတ်သော လောင်စာစွမ်းအင်သုံး မော်တော်ယာဉ် ၁၀၀၀ အထိ ရှိလာမည်ဖြစ်သည်။

ယခုကဲ့သို့ မော်တော်ယာဉ်များ စွမ်းအင်သုံးစွဲမှုအတွက် ကျောက်မီးသွေးတန်ချိန် တစ်နှစ်လျှင် တန်ချိန် ၅၀၀၀၀၀ခန့် လိုအပ်လျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် အာရှတိုက်သားဖြစ်မည်ဟု ဘုရှ် မျှော်လင့်

ဝါရှင်တန် ဇူလိုင် ၁၄

နောက်ဖြစ်မည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှာ အာရှတိုက်မှဖြစ်လာမည်ဟု မျှော်လင့်ကြောင်းဖြင့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ပြောကြားလိုက်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏နေရာကို ဆက်ခံမည့် ကိုယ်စားလှယ်လောင်းများကိုစွကို ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်များက မကြာမီ စတင်စဉ်းစားကြမည်ဖြစ်သည်။

ဂါနာနိုင်ငံသား ကိုဖီအာနန်၏ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် ၁၀နှစ်တာသက်တမ်းမှာ နှစ်ကုန်တွင် ပြည့်တော့မည်ဖြစ်သည်။ အလှည့်ကျဒေသကို ပဓာနမထားဘဲ ဤရာထူး၌ အကောင်းဆုံးဖြစ်နိုင်သူကို ခန့်ထားသင့်ကြောင်းဖြင့် အမေရိကန် သံအမတ်ကြီး ဂျွန်ဘော်လတန်က ပြောကြားသည်။

လောလောဆယ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် ယှဉ်ပြိုင်မည့်သူလေးဦးရှိသည်။ ၎င်းတို့မှာ ထိုင်းဒုတိယဝန်ကြီးချုပ် ဆူရာကစ်ဆာသီရက်ထိုင်း၊ သီရိလင်္ကာအစိုးရ အကြံပေးပုဂ္ဂိုလ် ဂျာယမ်သာဒါနာပါလာ၊ အိန္ဒိယမှ ကုလသမဂ္ဂ ပြည်သူ့သတင်းပြန်ကြားရေးဌာန လက်ထောက်အတွင်းရေးမှူးချုပ် ရှာရှီသာရာ တို့သုံးဦးကို တရားဝင်ရွေးချယ်ပြီးဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းအား တရားဝင်အဆိုတင်သွင်းထားခြင်း မရှိသေးပေ။ **အမ်အင်အေ၊ရိုက်တာ**

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ အင်ဒိုနီးရှား၌ ဒေါ်လာသန်း ၇၀ ထပ်မံရင်းနှီးမြှုပ်နှံမည်

ဂျကာတာ ဇူလိုင် ၁၄

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်ထုတ်လုပ်သည့် ဒိုင်ဟက်ဆုကုမ္ပဏီက အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်း၇၀ကို ထပ်မံရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လိုက်ခြင်းသည် ဒိုင်ဟက်ဆုကုမ္ပဏီအနေဖြင့် ဂျပန်နိုင်ငံပြီးလျှင် အင်ဒိုနီးရှား၌ ဒုတိယအကြီးမားဆုံး မော်တော်ယာဉ်ထုတ်လုပ်မှု တိုးချဲ့ခြင်းပင်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှအုပ်ချုပ်ရေးအရာရှိ တစ်ဦးက ပြောကြားလိုက်သည်။ (အပေါ်ပုံ)

ရင်းနှီးမြှုပ်နှံ

ယခုကဲ့သို့ အင်ဒိုနီးရှားတွင် မော်တော်ယာဉ် ထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြုလုပ်လိုက်ခြင်း သည် တစ်နှစ်လျှင် ကားစီးရေ တစ်သိန်းခွဲ တိုးမြှင့်ထုတ်လုပ် နိုင်မည်ဖြစ်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

ထုတ်လုပ်

ဒိုင်ဟက်ဆု ကုမ္ပဏီအနေဖြင့် ယခင်က တစ်နှစ်လျှင် မော်တော်ယာဉ် စီးရေ ၁၁၄၀၀၀စီးထုတ်လုပ်နေရာမှ တိုးမြှင့် ထုတ်လုပ်လာနိုင်ခြင်း ဖြစ်ကြောင်း ဒိုင်ဟက်ဆုကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဆူဒီရာမင်က ပြောကြားသည်။

ရောင်းချ

ဒိုင်ဟက်ဆုကုမ္ပဏီ၏ မူရင်းကုမ္ပဏီဖြစ်သော တိုယိုတာကုမ္ပဏီအနေဖြင့် စီနီယာနှင့် အဗင်ဇာမီနီ ဘတ်စ်ကားများ အရောင်းလိုက်လျက်ရှိရာ ထိုင်း၊ ဘရူနိုင်း၊ မလေးရှားနိုင်ငံများသို့ ရောင်းချလျက်ရှိပြီး ဒိုင်ဟက်ဆုအနေဖြင့် ဖိလစ်ပိုင်နှင့် မက္ကဆီကို နိုင်ငံများသို့ မော်တော်ယာဉ်များ ရောင်းချလျက်ရှိသည်။

ရည်မှန်း

ဒိုင်ဟက်ဆုသည် ၂၀၀၆ ခုနှစ်ကုန်တွင် အင်ဒိုနီးရှား မော်တော်ယာဉ်ဈေးကွက်ဝေစု၏ ၁၀ဒသမ ၅ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိရန် ရည်မှန်းထားသည်။

(အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့သို့ရောက်ရှိနေသော တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီယောင်အေ(ချန်ဂင်)က ညှေ့ပရိသတ်များအား နှုတ်ခွန်းဆက်စကားပြောကြားနေသည်ကို ဇူလိုင်၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆု တရုတ်အမျိုးသမီးရေးရာအဖွဲ့ ဆွတ်ခူးရရှိ

ပေကျင်း ဇူလိုင် ၁၄

တရုတ်နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့သည် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းထိမ်းကာကွယ်ရေးဆု ရရှိခဲ့ကြောင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဝမ်မင်းရင်းက ဇူလိုင်၁၂ရက်က ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိကျေးလက်များတွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိသော စွမ်းအင်အရင်းအမြစ်များ အသုံးပြုမှုတွင်ကျယ်ပြန့်လာအောင် လုပ်ဆောင်ခဲ့သည့်အတွက် ရရှိခဲ့ခြင်း ဖြစ်သည်။

ပြောကြား

အစိုးရအဖွဲ့အစည်းမဟုတ်သော ရှန်စီမိခင်များ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး စေတနာ့ဝန်ထမ်းအဖွဲ့သည် ယင်းကျေးလက်ဒေသများတွင် မီသိန်းဓာတ်ငွေ့အသုံးပြုမှုကျယ်ပြန့်လာအောင်ကြိုးပမ်းလုပ်ဆောင်ခဲ့သည့်အတွက် စွမ်းအင်ထိန်းသိမ်းနိုင်မှုကြောင့် ၂၀၀၆ခုနှစ်အတွက် ဒုတိယဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ဝမ်က ပြောကြားသည်။

ယင်းအဖွဲ့ကို ၁၉၉၈ ခုနှစ်က ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ယင်းအဖွဲ့သည် သစ်ပင်စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းတွင် ကြိုးပမ်းလုပ်ဆောင်ခြင်း၊ ကျေးလက် အမျိုးသမီးများ မီသိန်းဓာတ်ငွေ့အသုံးပြုရန်အတွက် သင်တန်းပေးခြင်းစသည့် လုပ်ဆောင်ချက်များကို ဆောင်ရွက်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ

နိုင်ငံတကာအလှမယ်များ

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့၌ ဇူလိုင်၂၃ရက်တွင် ကျင်းပမည့် ၂၀၀၆ခုနှစ် နိုင်ငံတကာအလှမယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြသော အလှမယ်များကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် ထိုင်းဒုတိယဝန်ကြီးချုပ်အား စင်ကာပူထောက်ခံ

စင်ကာပူ ဇူလိုင် ၁၄

နောက်ထပ်ရွေးချယ်မည့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် ထိုင်းဒုတိယဝန်ကြီးချုပ် ဆူရာကစ်ဆာသီရက်ထိုင်းအား ထောက်ခံကြောင်း စင်ကာပူအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားသည်ကို နယူးအာရှ သတင်းဌာနက ဇူလိုင်၁၂ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

မလေးရှားနိုင်ငံ ဘာနာမာသတင်းဌာနမှ သတင်းတစ်ရပ် ထုတ်ပြန်ရာတွင် စင်ကာပူ ဝါရင့်ဝန်ကြီးဂိုချောက်တောင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် နိုင်ငံအချို့က အမည်စာရင်းပေးလျက်ရှိသည်ဟု သတင်းထုတ်ပြန်ချိန်၌ပင် ယခုကဲ့သို့ ထိုင်းဒုတိယဝန်ကြီးချုပ်အား ထောက်ခံသည့်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံအနေဖြင့် အခြားအရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင်များအား ထိုင်းဒုတိယဝန်ကြီးချုပ်ကို ထောက်ခံရေး ဆက်သွယ်ဆောင်ရွက်သွားမည်ဟုလည်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက် စားသောက်ဆိုင်၌ ဗုံးပေါက်ကွဲ၊ ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၄

ဘဂ္ဂဒက်တောင်ပိုင်းရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဇူလိုင် ၁၂ ရက်က အသေခံဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူခုနစ်ဦးသေဆုံးပြီး လူ ၂၀ ဒဏ်ရာ ရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။

အသေခံဗုံးခွဲသမားသည် ပေါက်ကွဲစေတတ်သည့် ပစ္စည်းပါ အင်္ကျီဝတ်ဆင်ပြီး ဘဂ္ဂဒက်အနီးဝန်းကျင်ရှိ အယ်ဂျာဒီတာမြို့ စားသောက်ဆိုင်တွင် ဝင်ရောက်လာကာ နံနက် ၁၁ နာရီ ၂၅မိနစ်ခန့်က သူ့ကိုယ်သူ အသေခံ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

စီးကရက်သောက်သော အမျိုးသမီးများ အမျိုးသားများထက် အဆုတ်ကင်ဆာပိုမိုဖြစ်ပွား

ချီကာဂို ဇူလိုင် ၁၄

စီးကရက်သောက်သော အမျိုးသမီးများသည် စီးကရက်သောက်သော အမျိုးသားများထက် အဆုတ်ကင်ဆာနှစ်ဆပိုမိုဖြစ်ပွားကြောင်း ဇူလိုင် ၁၁ရက်တွင် ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။

ညွှန်းဆို

အမျိုးသမီးများက ကင်ဆာဖြစ်ပွားမှုကို အဘယ်ကြောင့် ခံနိုင်ရည်မရှိဖြစ်ရသည်ကိုမူ ရှင်းလင်းစွာ မသိရှိရသေးကြောင်း လေ့လာချက်တွင်ပါရှိသည်။ သို့သော် စီးကရက်သောက်သော အမျိုးသမီးများသည် စောနိုင်သမျှစောစော ဆေးစစ်ခံသင့်ကြောင်း၊ စီးကရက်မသောက်ရတော့မည့် အရိပ်အယောင်ကိုလည်း စောစီးစွာပြလာတတ်ကြောင်း လေ့လာချက်တွင် ညွှန်းဆိုထားသည်။

အခြေခံ

အဆိုပါ လေ့လာချက်ကို နယူးယောက် ခရစ်ယန်ဘုန်းတော်ကြီးဆေးရုံ၊ နယူးယောက်စီးတီးရှိ ဝယ်လ်ကော်နဲလ် ဆေးဘက်ဆိုင်ရာ ဗဟိုဌာနတို့မှ သုတေသနပညာရှင်များက ၁၉၉၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်း အဆုတ်ကင်ဆာ ရှိမရှိဆေးစစ်ခံခဲ့ကြသည့် အသက်အနည်းဆုံး ၄၀ရှိ စီးကရက်သောက်သည့် သမိုင်းရှိကြသော အမျိုးသမီး၇၄၉၈ဦးနှင့် အမျိုးသား ၉၄၂၇ဦးတို့ကို အခြေခံကာ လေ့လာခဲ့ခြင်း ဖြစ်သည်။

အသေအချာ

လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများသည် အမျိုးသားများထက် ကင်ဆာကြောင့် အသေစောမှုနည်းပါးသော်လည်း ကင်ဆာဖြစ်ပွားမှုကမူ အမျိုးသမီးများက နှစ်ဆပိုမိုများပြားကြောင်း၊ အဘယ်ကြောင့် ယင်းသို့ဖြစ်ရသည်ကို အသေအချာ မသိရသေးကြောင်း လေ့လာချက်တွင် ဦးဆောင်သူ ဆရာဝန်ကလူဒီယာဟင့်စ်ကီက ပြောကြားသည်။

သတိပေးရန်

ကျန်းမာရေးအရာရှိများသည် အထူးသဖြင့် အဆုတ်ကင်ဆာဖြစ်ပွားမှုများနိုင်သည့် စီးကရက်သောက်သော ဆယ်ကျော်သက်အရွယ် မိန်းကလေးများကို သတိပေးရန်လိုအပ်ကြောင်း ယခုရက်သတ္တပတ်တွင် ထုတ်ဝေသည့် အမေရိကန်ဆေးဘက်ဆိုင်ရာအသင်း၏ ဂျာနယ်တွင် ဟင့်စ်ကီက ရေးသားထားသည်။

အမ်အင်အေ၊ရိုက်တာ

ကာဇက်စတန် - တရုတ်ရေနံပိုက်လိုင်းမှ တစ်နှစ်ရေနံတန်ချိန် သန်း၂၀ ပို့လွှတ်မည်

ရှင်ကျန်း ဇူလိုင် ၁၄

ကာဇက်စတန်နိုင်ငံမှ ရေနံစိမ်းများကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အလာတော်ပတ်စ်ဒေသရှိ ဆီလှောင်ကန်သို့ နယ်စပ်ဖြတ်ကျော် ရေနံပိုက်လိုင်းကို အသုံးပြုလျက် ဇူလိုင် ၁၁ရက် ၁၈း၄၅နာရီတွင် စတင်ပို့လွှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ (အပေါ်ပုံ)

ယင်း ဆောင်ရွက်ချက်သည် တရုတ်နိုင်ငံ၏ ရေနံလိုအပ်ချက်ကို ဖြည့်စွမ်းပေးမည်ဖြစ်သကဲ့သို့ ကာဇက်စတန်နိုင်ငံ၏ ရေနံတင်ပို့မှုကို အထောက်အကူ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

လောလောဆယ်တွင် အဆိုပါ ရေနံပိုက်လိုင်းမှတစ်နာရီလျှင် ရေနံစိမ်းကုဗမီတာ ၁၂၀သာလျှင် ပို့လွှတ်သွားလိမ့်မည်ဖြစ်ကြောင်း တရုတ်အရာရှိတစ်ဦးက ပြောကြားသည်။

သန့်စင်ပြီးရေနံ

ယင်းပိုက်လိုင်းသည် တရုတ်နိုင်ငံ၏ အကြီးဆုံး ရေနံသန့်စင်စက်ရုံကြီး ၂၀၀၈ခုနှစ်တွင် မလည်ပတ်မီ ၁၅ရက်လျှင် ရေနံကုဗမီတာ ၅၀၀၀၀ကိုသာလျှင် ပို့လွှတ်မည်ဖြစ်သည်။ တရုတ်နိုင်ငံ၏ အကြီးဆုံး အဆိုပါ ရေနံသန့်စင်စက်ရုံကြီးပြီးစီးသွားပါက တစ်နှစ်လျှင် သန့်စင်ပြီး ရေနံ ၅ဒသမ ၅သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ပို့လွှတ်မည်

ယခုပိုက်လိုင်း၏ အရှည်မှာ မီတာ၉၆၀ရှိပြီး တစ်နှစ်လျှင် ရေနံတန်ချိန် သန်း၂၀ ပို့လွှတ်မည်ဖြစ်ကြောင်း သိရသည်။

ပြီးစီးချိန်

ပထမဆင့်အနေဖြင့် တစ်နှစ်လျှင် ရေနံတန်ချိန် ၁၀သန်းပို့လွှတ်မည် ဖြစ်ကြောင်း ၂၀၁၁ပိုက်လိုင်းများအားလုံးပြီးစီးချိန်တွင် ပိုက်လိုင်းအရှည်မှာ ကီလိုမီတာ ၃၀၀၀ရှိလာမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

ဘဂ္ဂဒက်အရှေ့မြောက်ဘက်၌ ခရီးသည် ၂၄ ဦးပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဇူလိုင် ၁၄

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၉၀ အကွာရှိ မုဒါဒီရာမြို့ ဘတ်စ်ကားဂိတ်မှ ခရီးသည် ၂၄ ဦးအား အမည်မသိ သေနတ်သမားတစ်စုက ဇူလိုင် ၁၂ ရက်က ပြန်ပေးဆွဲခဲ့ကြောင်း အီရတ်စစ်တပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

အမည်မသိ သေနတ်သမားများသည် မုဒါဒီရာဘတ်စ်ကားဂိတ်သို့ ဝင်ရောက်တိုက်ခိုက်ပြီး ခရီးသည် ၂၄ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မီဒီယာများသို့ ပြောကြားသည်။

သေဆုံး

မုဒါဒီရာမြို့ပြင်ရှိ ဘောလိုရွာအနီးတွင် သေနတ်သမားများက ပြန်လွှတ်ပေးခဲ့သော ပြန်ပေးဆွဲခံရသူ လေးဦးကို သေနတ်သမားများအား လိုက်လံဖမ်းဆီးနေသည့် အီရတ်တပ်ဖွဲ့က ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ အခြား ပြန်ပေးဆွဲခံရသူ ၂၀ဦးကို အယ်က်ဆီဝီးရွာအနီးတွင် သေနတ်ဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

သဲကုထုံးနည်းဖြင့် ဆေးကုသ

သဲကုထုံးနည်းဖြင့် ဆေးကုသပေးနေသည်ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ကျင်းဒေသတွင် သဲကုထုံးနည်းဖြင့် ဆေးဝါးကုသသောဆေးခန်းတွင် လာရောက်ဆေးဝါကုသနေသူများကို တွေ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

အကြီးဆုံး ရေချိုငါးဖမ်းမိ

ရေအိုင်ကြီးတစ်ခု အတွင်းမှ ဖမ်းဆီးရမိသော ရေချိုငါးကြီး တစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဒါလန်မြို့ရှိ ကျန်းရင် ရေအိုင်ကြီးအတွင်းမှ ဒေသခံ ငါးဖမ်းသမားတစ်ဦးက ဖမ်းဆီးရမိသော ရေချိုငါးကြီး တစ်ကောင်မှာ အရှည် ၁၁၆ စင်တီမီတာနှင့် အလေးချိန် ၂၆ ကီလို ဂရမ် ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဒိုင်နိုဆောများ မျိုးသုဉ်းပျောက်ကွယ်မှုဖြစ်စဉ် တရုတ်သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်တော့မည်

ချန်းချန် ဇူလိုင် ၁၄

တရုတ်သိပ္ပံပညာရှင်များသည် လွန်ခဲ့သည့်နှစ် ၆၅သန်းက ဒိုင်နိုဆောများကို သေစေခဲ့သည့် အလုံးအရင်းဖြင့် မျိုးသုဉ်းသွားသော အဖြစ်အပျက်၏ ဘူမိဖြစ်စဉ်အဆင့်ကို ဆုံးဖြတ်နိုင်ရန် ပိုမိုနီးကပ်လာပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ခရီတာဆီးယပ်စ်နှင့် တာတီယာတီကာလ သို့မဟုတ် ကေတီနယ်နိမိတ်အတွင်း ပိုင်းခြားထားမှုလိုင်းအပေါ် သုတေသနပြုမှုသည် ဒိုင်နိုဆောများ မျိုးသုဉ်းရခြင်း၏ အရေးကြီးသော သဲလွန်စကိုခွဲခြားနိုင်ခြင်းဖြစ်ကြောင်း ကျီလင်တက္ကသိုလ်မှ ဦးဆောင်သူ သိပ္ပံပညာရှင် ဆန်ကျီက ပြောကြားသည်။

အထောက်အထား

တရုတ်၊ အမေရိကန် ပြည်ထောင်စု၊ ရုရှား၊ ဂျာမနီနှင့် အခြားနိုင်ငံများမှ သိပ္ပံပညာရှင်များသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဟိုင်လွန်းကျင်ပြည်နယ် ကျာယင်စီရင်စုရှိ ဘူမိဖြစ်စဉ် အဆင့်နေရာကို ရွေးချယ်ခဲ့ပြီး ကျောက်ဖြစ်ရုပ်ကြွင်း နမူနာများကိုစုဆောင်းခဲ့ကြောင်း၊ ၎င်းတို့ ရုတ်တရက် သေဆုံးရသည့် အထောက်အထားများကို တွေ့နိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အကြမ်းဖက်သမားဟု သံသယရှိသူများ ကန်ဖမ်းဆီးခဲ့

ဝါရှင်တန် ဇူလိုင် ၁၄

ကမ္ဘာတစ်ဝန်းမှ အကြမ်းဖက်သမားဟုသံသယရှိသူ လူတစ်ထောင်ခန့်ကို အမေရိကန်နိုင်ငံက ဖမ်းဆီးထားကြောင်း ပင်တဂွန်တရားရေးအကြံပေး အရာရှိတစ်ဦးက ဇူလိုင် ၁၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါ အရေအတွက်တွင် အကျဉ်းသား ၄၅၀မှာ ကျူးဘားနိုင်ငံ ဂွမ်တာနာမိုရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်း၌ ဖမ်းဆီးထားကြောင်း ၎င်းအရာရှိက ပြောကြားသည်။ ကျန်အကျဉ်းသားများကို ကမ္ဘာ့နေရာအနှံ့ လျှို့ဝှက်အကျဉ်းစခန်းများ၌ စီအိုင်အေက ဖမ်းဆီးခဲ့သည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၄

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ အခမ်းအနားသို့ ပုသိမ်မြို့ ဝေဠုဝန်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ အမှူးပြုသော ပင့်သံဃာတော် ၄၅ ပါး ကြွရောက်တော်မူကြပြီး ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝေဠုဝန် သာသနာပိုင်ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်ကြီးများ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူး၏ဇနီးက သီလရှင် ဆရာကြီးများထံ ဝတ်စုံများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကုန်းသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး အလှူရှင်များက ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးနှင့် ဇနီးတို့သည် တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ကျင်းပသည့် ပုသိမ်တပ်နယ်၏ (၁၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် အဘိုး (ဦးဘထွန်း)-အဘွား(ဒေါ်သိန်းညွန့်)၊ အဘိုး (ဦးသန်းရွှေ)-အဘွား (ဒေါ်ခင်တင့်)၊ မိခင် (ဒေါ်နယ်လီသန်း)၊ အစ်ကို (ဦးမျိုးဇော်ထွန်း)နှင့် (Mr.˚Chong Quek Choong)-(Mrs .Sim Siew Tee)တို့အား ရည်စူး၍ ရန်ကုန်မြို့ အမှတ် ၅၁/B ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးသန့်ဇင်ထွန်း-ဒေါ်အိန်ဂျလင်း မိသားစုက အလှူတော်ငွေကျပ် သိန်း၅၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) အမှူးဆောင်ဆရာတော် ဒေါက်တာ အရှင်အာဒိစ္စဝံသ ရှေ့မှောက်၌ (ပါမောက္ခ မဟာဌာနမှူး ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်) တာဝန်ခံ ရွှေမြင်တင်-ဦးညို (သီဟသုဓမ္မ မဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန် အတွက် နှစ်ဖက်မိဘများနှင့် ဦးကျော်တင့်အား ရည်စူး၍ ဒေါ်လှကျင်၊ သမီး မနန်းစိုးထွေး ပြွန်တန်ဆာမြို့ မြို့မ(၂) အိမ်အမှတ် (၇၀၁) မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် ဓမ္မာစရိယ (B.A)အရှင်ကောသလ္လ (မြန်အောင်) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်ခြင်းဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်

အလုပ်ကို အချိန်ကြာမြင့်စွာလုပ်ကိုင်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေကြောင်း၊ အချိန်ရှည်ကြာစွာ လုပ်ကိုင်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် နာမကျန်းဖြစ်မှုများ ပိုမိုဖြစ်ပွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ကျန်းမာရေးချို့ယွင်း

အချိန်ပိုအလုပ်လုပ်ကာ ဝင်ငွေတိုးမြှင့်ရှာသူ အလုပ်သမားများ၏ ၆၁ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်တွင် ထိခိုက်နာကျင်မှုနှင့် နာမကျန်းဖြစ်မှု အရေအတွက်များပြားကြောင်း ၎င်းတို့ကပြောကြားသည်။ တစ်နေ့လျှင် အလုပ်ချိန် ၁၂ နာရီ လုပ်ကိုင်သူများသည် ယင်းအချိန်ထက် သုံးပုံတစ်ပုံလျှော့လုပ်သူများထက် ကျန်းမာရေးချို့ယွင်းသူများဖြစ်သည်ကို တွေ့ရှိရသည်ဟုဆိုသည်။

အန္တရာယ်များ

အလုပ်ချိန်သီတင်းတစ်ပတ်လျှင် နာရီ ၆၀ လုပ်သူ အလုပ်သမား ၁၁၀၂၃၆ ကို လေ့လာစစ်ဆေးကြည့်ရာ အန္တရာယ်များသော ကျန်းမာရေးအခြေအနေနှင့် ရင်ဆိုင်နေရသည့် အလုပ်သမားအရေအတွက်သည် ၂၃ ရာခိုင်နှုန်း ကျော်ရှိကြောင်း အမေရိကန် မက်ဆာချူးဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အသက်အန္တရာယ် ထိခိုက်နိုင်

လုပ်ခငွေကြေးရလိုမှုဖြင့် အလုပ်ချိန်ပိုမိုပြုလုပ်ခြင်းသည် ရေရှည်တွင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေမည် ဖြစ်ကြောင်း၊ စိတ်ဖိစီးမှု၊ ပင်ပန်းနွမ်းနယ်မှုများက အချိန်ကြာလာသည်နှင့်အမျှ အသက်အန္တရာယ်ကို ထိခိုက်နိုင်ကြောင်းလည်း ၎င်းတို့က သတိပေးထားသည်။

ထို့အတူ အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်ခြင်းသည် လုပ်ငန်းခွင်၌ ထိခိုက်နာကျင်မှု ဖြစ်စေရန် အခွင့်အလမ်းများကြောင်း၊ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများတွင်လုပ်ကိုင်သော အလုပ်သမားများအနေဖြင့် သတိထား လုပ်ကိုင်သင့်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

(ကိုးကား-အင်တာနက်)



အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

အင်္ဂါဂြိုဟ်၌ အသီးအနှံများစိုက်ပျိုးနိုင်ရန် စမ်းသပ်နေ

အင်္ဂါဂြိုဟ်ပေါ်တွင်အသီးအနှံအပင်များ စိုက်ပျိုး၍ ရအောင် နာဆာ သုတေသနပညာရှင်များက ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မြေကမ္ဘာမှ အသီးအနှံ မျိုးစေ့များကို အာကာသယာဉ်မှူးများနှင့်အတူ အင်္ဂါဂြိုဟ်သို့ ပေးပို့ခဲ့ပြီး အင်္ဂါဂြိုဟ် မျက်နှာပြင်တွင် စိုက်ပျိုးရှင်သန်နိုင်ခြင်း ရှိမရှိကို ယခင်ကတည်းက ကြိုးစားခဲ့ကြသည်။

ကြိုးပမ်း

နာဆာအဖွဲ့အနေဖြင့် အသီးအနှံမျိုးစေ့များကို အာကာသယာဉ်နှင့် သယ်ဆောင်စဉ်ကာလအတွင်း မြေမဲ့စိုက်ပျိုးခြင်း နည်းပညာဖြင့် သီးနှံမျိုးစေ့များရှင်သန်ဖွံ့ဖြိုးအောင်ပြုလုပ်ပြီး သယ်ဆောင်ခဲ့ကြသလို အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင်လည်း ဖန်လုံအိမ်ကဲ့သို့သော စိုက်ပျိုးနည်းများဖြင့် မျိုးစေ့များကို စိုက်ပျိုးကာ အာကာသယာဉ်မှူးများအတွက် လိုအပ်သော စားနပ်ရိက္ခာကို ထောက်ပံ့မှုရရှိစေရန် ကြိုးပမ်းလျက်ရှိသည်။

ကြိုတင်စီစဉ် စမ်းသပ်မှုအရ လေထုဖိအား၊ ရာသီဥတု၊ ဒြပ်မဲ့အနေအထား၊ အင်္ဂါဂြိုဟ် မျက်နှာပြင်၏ အခြေအနေများကို သုံးသပ်ကာ စမ်းသပ်ခဲ့ရာ အောင်မြင်မှု ရရှိကြောင်း စားနပ်ရိက္ခာဆိုင်ရာ ပါမောက္ခတစ်ဦးဖြစ်သူ အာသာတိုင်စီရာက ပြောကြားသည်။

စမ်းသပ်နိုင်ခဲ့ပြီး

ယခုအခါ ဆန်စပါး၊ ပဲသီးတောင့်များနှင့် အာလူးများကို ရှင်သန်အောင် စမ်းသပ်နိုင်ခဲ့ပြီး ခရမ်းချဉ်သီး၊ စတော်ဘယ်ရီနှင့် မုန်လာဥများကို မြေမဲ့စိုက်ပျိုးနည်းဖြင့် စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်သည်။

(ကိုးကား-အင်တာနက်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ဧည့်သည်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Yunnan Power Grid Corporation ၏ ဒုတိယအထွေထွေ မန်နေဂျာ Li Pinqing သည် ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ လျှပ်စစ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အတူ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၄ ရက်က ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ ဧည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Jean Michel Lagombeနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၄

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလော့စေတီအနီးရှိ ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ ခုနစ်ရက်တရားစခန်းပွဲကို ဇူလိုင် ၃၀ ရက်မှစ၍ ကျင်းပသွားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဇူလိုင် ၂၉ ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန်နှင့် ဆွမ်း၊ အချိုပွဲ၊ အအေးလှူဒါန်းလိုသူများ ဖုန်း-၆၃၅၆၃၂ သို့ ကြိုတင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

■ **ရှေ့ဖုံးမှ**

တပ်နယ်အဆင့် သန့်ရှင်းသာယာလှပရေးဆုရရှိကြသည့် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် အရာရှိ၊ စစ်သည်များအား လည်းကောင်း၊ တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများ၌ ထူးချွန်ဆုရရှိခဲ့ကြသော အားကစားသမားများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး၏ဇနီး ဒေါ်မာမာဝေက ဓမ္မစကြာအလွတ်ရွတ်ဆိုပြိုင်ပွဲဆု၊ သန့်ရှင်းရေးနှင့် စိုက်ပျိုးမွေးမြူရေးဆုရရှိကြသော တပ်ရင်း၊ တပ်ဖွဲ့များနှင့် မိသားစုဝင်များအားလည်းကောင်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ်းရိုးတန်းဒေသများမိုးပိုလာမည်

ရန်ကုန် ဇူလိုင် ၁၄

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၁၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာနှံ့အပြား၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးရွာပြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် အများအားဖြင့် မိုးပိုလာမည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) သီလရှင်ပညာရေးကျောင်းသို့ ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်မြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အသင်းဝင်များသည် ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မင်္ဂလာသိဒ္ဓိ သီလရှင်ပညာရေးကျောင်းသို့ သွားရောက်၍ ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ကျောင်းသုံးပစ္စည်းများလှူဒါန်းရခြင်း အကြောင်းကိုရှင်းလင်းပြောကြားထား၍ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြ၊ဒေါ်သဇင်နွယ်နှင့် ဒေါက်တာဒေါ်ခင်မြဝင်းတို့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မင်္ဂလာသိဒ္ဓိ သီလရှင်ပညာရေးကျောင်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ချမ်းသာအောင် သီလရှင်ပညာရေးကျောင်းတို့အတွက် တန်ဖိုးငွေကျပ် နှစ်သိန်းစီရှိသော စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအချို့ဒေသများ ရေကြီးလွှမ်းမိုး လုံခြုံရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေ

ရန်ကုန် ဇူလိုင် ၁၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတ္တရံမြစ်ရေ၏ စိုးရိမ်ရေအမှတ်မှာ စင်တီမီတာ ၅၁၀ ဖြစ်ပြီး ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီ တိုင်းထွာချက်အရ ၄၈၁ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် ရှင်စောပုရပ်ကွက်မှ အိမ်ထောင်စုဝင်အချို့အား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာရှိ သထုံ-ဘားအံကားလမ်း မိုင်တိုင် ၇/၆ နှင့် ၇/၇ အကြားတွင် ရေအနည်းငယ် ကျော်လျက်ရှိပြီး ဒူးရင်းဆိပ်ကျေးရွာမှ အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေး၍ အခြေခံပညာမူလတန်းကျောင်းအား ဇူလိုင် ၁၂ ရက်မှစ၍ ခေတ္တပိတ်ပေးထားသည်။ ရေနစ်မြုပ်မိသားစုများအား မြို့နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သထုံမြို့နယ် ကျိုက်ကော်ကဒိုက်ကြီး ကားလမ်းမပေါ်တွင် ရေကျော်လျက်ရှိသဖြင့် ယာဉ်ကြီးများ သာသွားလာနိုင်ကြောင်း သိရသည်။

ပဲခူးတိုင်း ပဲခူးမြစ်ရေသည် ဇူလိုင် ၁၃ရက် တိုင်းထွာချက်အရ ၈၄၈ စင်တီမီတာအထိ ပြန်လည်ကျဆင်းသွားကြောင်း၊ ဝေါမြို့နယ်၌ ဇူလိုင် ၁၃ရက်တွင် ကွင်းရေလျှံပြီး ကျောင်းဝင်းအတွင်း ရေအနည်းငယ်ဝင်ရောက်သဖြင့် အခြေခံ ပညာမူလတန်းကျောင်း အချို့အား ခေတ္တပိတ်ပေးထားကြောင်း သိရသည်။

ကူညီဆောင်ရွက်

ကရင်ပြည်နယ် ကျုံဒိုးမြို့အနီးရှိ ဟောင်သရောမြစ်ရေသည် ဇူလိုင် ၁၂ ရက် ညနေ ၄နာရီတွင် စိုးရိမ်ရေအမှတ် စင်တီမီတာ ၅၅၀အောက် ၅၄၉စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ကျုံဒိုးမြို့ပေါ်ရှိ အိမ်ထောင်စု ၅၂စုအားကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်း နေရာချထားပေးကြောင်း၊ အဆိုပါ ကယ်ဆယ်ရေးစခန်းများသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လုံခြုံရေးနှင့် ကယ်ဆယ်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဒေါ်ခင်မြဝင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မင်္ဂလာသိဒ္ဓိသီလရှင် ပညာရေးကျောင်းနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ချမ်းသာအောင် သီလရှင် ပညာရေးကျောင်းများအား ကျောင်းသုံးပစ္စည်းများ ပေးအပ်စဉ်။ (မိခင်နှင့်ကလေး)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊အမှတ်(၁၄)ထုတ်ဝေဖြန့်ချီ



ရန်ကုန် ဇူလိုင် ၁၄

ဝသန်ဥတု၏ မိုးပွင့်မိုးစက်များနှင့် အတူ လယ်ယာလုပ်ငန်းခွင်ဝင်နေကြသော ကျေးလက်ဒေသနေပြည်သူများအား စိုက်ပျိုးမွေးမြူရေးနှင့် သုတ၊ ရသစုံလင်စွာ ရရှိစေရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁၄)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ထိုဂျာနယ်တွင် စပ်မျိုးပြောင်းများစိုက်ပျိုးခြင်း၊ အာလူးတိုးချဲ့စိုက်ပျိုးရေး၊ နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်း လက်ဖက်များထုတ်လုပ်ကြစို့၊ အိန္ဒိယလယ်သမားများ ခြံစည်းရိုးကြက်ဆူပင်စိုက်၍ ဇီဝဒီဇယ်ထုတ်လုပ်ရောင်းချ၊ တစ်နိုင်တစ်ပိုင် ဘဲမွေးမြူရေး၊ တောင်ပေါ်ကျွဲစသည့် ဆောင်းပါးများအပြင် လယ်တွင်းသားစောချစ်၏ ဒို့ကျေးရွာအရဏ်ဦး ဝတ္ထုတိုတို့ဖြင့် ကျေးလက်ပြည်သူတို့ ဗဟုသုတဖြစ်ဖွယ်ရာ ပုံပြင်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို သုတ၊ ရသစုံလင်စွာ ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်ပြီး ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၄ ရက်၌ မိုးရွာသွန်းလေသမျှ

ကသာ	၃	ဒသမ	၃၀	လက်မ
ကော့သောင်း	၂	ဒသမ	၅၂	လက်မ
ထားဝယ်	၂	ဒသမ	၂၈	လက်မ
စစ်တွေ	၂	ဒသမ	၃၇	လက်မ
မြိတ်	၁	ဒသမ	၃၃	လက်မ
ကျောက်ဖြူ	၁	ဒသမ	၀၃	လက်မ

အသိပေးကြေညာချက်

၁၉-၇-၂၀၀၆ရက်တွင် (၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အာဇာနည်ဗိမာန်တွင် ကျင်းပစဉ် ကာလအတွင်း ၎င်းနေ့(၀၆:၀၀)နာရီမှ (၁၈:၀၀)နာရီအထိ ဦးဝိစာရအဝိုင်းမှ ဦးဝိစာရလမ်းတစ်လျှောက် ဓမ္မစေတီလမ်းအထိ၊ ဦးဝိစာရအဝိုင်းမှ ဦးထောင်ဘိုလမ်းတစ်လျှောက် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အထိ၊ ရွှေဂုံလမ်းမှ ရွှေဂုံတိုင်လမ်းဆုံအထိ၊ ရွှေဂုံလမ်းမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း ဦးဝိစာရလမ်းအထိ၊ အာဇာနည်လမ်းတစ်လျှောက်ဦးထောင်ဘိုလမ်းအထိ ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ဖော်ပြပါအချိန်အတွင်း မော်တော်ယာဉ်များကို အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

အမေရိကန်အသွင်ပြောင်း ဒီပလိုမေစီနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ

တရုတ်နိုင်ငံတကာဆက်ဆံရေး သုတေသနဌာနမှ ဝမ်ဟောင်ဂင် (Wang Honggang) ရေးသားပြီး ပြည်သူ့နေ့စဉ် (Online) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည့် What does the US transformational diplomacy imply? ဆောင်းပါးကို စာရေးသူတစ်ဦးက မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

အမေရိကန်သမ္မတ ဘုရှ်၏ ပထမသက်တမ်းကာလ၌ စစ်ဘက်ရေးရာနှင့် စပ်လျဉ်းသည့် အရေးပါသော ပြန်လည်ပြုပြင်မှုကို ပြုလုပ်ခဲ့သည့်နည်းတူ ယခု ဒုတိယသက်တမ်း တာဝန်ယူချိန်မှစ၍ အမေရိကန်အစိုးရ၏ သံတမန်ရေးရာ အခင်းအကျင်းကိုလည်း ပြန်လည်ပြုပြင်ပြောင်းလဲလျက်ရှိသည်။ **ယင်းပြုပြင်ပြောင်းလဲမှု နှစ်ရပ်လုံးက နိုင်ငံတကာအခြေအနေများအပေါ် အမေရိကန်အစိုးရ၏ နားလည်ခံယူထားမှုကို ဖော်ညွှန်းပြဆိုလျက်ရှိကြောင်း သတိထားအလေးမူရန် လိုအပ်ပေသည်။**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က ကမ္ဘာ့နိုင်ငံရေးအခြေအနေကို မိမိတို့အနေဖြင့် အစီရင်ခံသုံးသပ်နေရုံဖြင့် မလုံလောက်ဘဲ၊ ယင်းဖြစ်ပေါ်ပြောင်းလဲနေသည့်အခြေအနေကို မိမိတို့လိုလားသော အခြေအနေသို့ ပြောင်းလဲပစ်နိုင်စွမ်းရှိသော ရဲတင်းသည့် ဒီပလိုမေစီထားရှိရန် လိုအပ်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အသွင်ပြောင်း ဒီပလိုမေစီ (transformational diplomacy) ကျင့်သုံး၍ မိမိတို့လိုလားသည့် အခြေအနေကို ပြောင်းလဲစေမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သည်။

အသွင်ပြောင်းလဲနိုင်အားရှိသည့်ဒီပလိုမေစီ၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားသွားရာ၌ အမေရိကန်အစိုးရ၏ သံတမန်အခင်းအကျင်းမှာ စစ်အေးကာလတုန်းက ပုံစံအတိုင်းပင် ရှိနေသေးကြောင်း၊ သံတမန်အများစုမှာ ဥရောပရှိ မဟာမိတ်များနှင့်သာရှိနေပြီး ကျယ်ပြန့်လှသော တတိယနိုင်ငံများ၌မူ သံတမန်အင်အား လုံလောက်စွာ မရှိ ဖြစ်နေကြောင်း၊ တတိယကမ္ဘာ့နိုင်ငံများဟုဆိုရာ၌ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးနိုင်ငံတို့လောက်သာ ရည်ညွှန်းနေခြင်းမဟုတ်ဘဲ **တစ်ချိန်က ဝန်ထုပ်ဝန်ပိုးများအဖြစ် သဘောထားခဲ့သော အခြားဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားကိုပါဆိုလိုခြင်းဖြစ်ရာ အမေရိကန်သံတမန်များကို ပြန်လည်နေရာချထားရန် လိုအပ်ကြောင်း**ဖြင့် ယခုနှစ်စောစောပိုင်း၌ ဂျော့ချ်တောင်းတက္ကသိုလ်တွင် ပြောကြားသွားသည်။

ထို့ကြောင့် အမေရိကန်၏ အသွင်ပြောင်းဒီပလိုမေစီ ဖောင်းပေးမှုအရ လူဦးရေတစ်သန်းအထက်ရှိသော ကမ္ဘာ့မြို့ကြီးများသို့ အမေရိကန်သံတမန်များကို တိုးချဲ့နေရာချထားပြီး ဌာနေပြည်သူများနှင့် ပိုမိုထိတွေ့ ဆက်ဆံစေကာ၊ ယင်းနိုင်ငံများ၏ ပြည်တွင်းပြောင်းလဲ ဖြစ်ပေါ်မှုလမ်းကြောင်းကို မိမိတို့လိုလားသော လမ်းကြောင်းအတိုင်း လိုအပ်သလို ပုံဖော်လွှမ်းမိုးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဌာနေပြည်သူများနှင့် လွယ်ကူစွာ ဆက်ဆံနိုင်ရေးအတွက် အာရပ်၊တရုတ်၊ဖာရာစီ၊အူရဒူစသော ဌာနေဘာသာစကားများကို အမေရိကန်သံတမန်များအား လေ့ကျင့်သင်တန်းပေးနေသည်သာမက ဝေးလံသောဒေသများရှိ ပြည်သူများကိုဆက်ဆံပြောဆိုနိုင်ရန်အတွက် သံရုံးများရှိ အင်တာနက်စွမ်းရည်ကိုလည်း အဆင့်မြှင့်ပေးထားသည်။

ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ပေးထားသော အမေရိကန်အစိုးရ၏ နိုင်ငံခြားအကူအညီများကို အသွင်ပြောင်းဒီပလိုမေစီ၏ ရည်မှန်းချက်များနှင့်အညီ ထိရောက်စွာ အသုံးချနိုင်ရေးအတွက် ကြပ်မတ်နိုင်မည့် ပြန်လည်ထူထောင်ရေးနှင့် တည်ငြိမ်ရေးရုံးများကိုလည်းကောင်း၊ ဌာနေပြည်သူများနှင့် ကျယ်ပြန့်စွာ ဆက်ဆံနိုင်သည့် ပြည်သူ့ဆက်ဆံရေးရုံးများကိုလည်းကောင်း ထူထောင်သွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ရှင်းလင်းပြောကြားချက်၌ ပါရှိသည်။

> **ဒီမိုကရေစီအရေးကို အကြောင်းပြု၍ အခြားနိုင်ငံများ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုကြောင့် အမေရိကန်အစိုးရသည် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများ၏ ဆန့်ကျင်သပိတ်မှောက်မှုကို မလွဲမသွေရင်ဆိုင်ရမှာဖြစ်၏။ အမေရိကန်သုတေသီပညာရှင် အချို့ကပင် အသွင်ပြောင်း ဒီပလိုမေစီကျင့်သုံးမှုကြောင့် အမေရိကန်အစိုးရကို ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ထောက်ခံကြမည်မဟုတ်သည့်အပြင် ကမ္ဘာ့နိုင်ငံများအကြား၌ အမေရိကန်နိုင်ငံကို မလိုလားအပ်သောနိုင်ငံအဖြစ် ခံယူသွားမှာဖြစ်ကြောင်း သတိပေးပြောဆိုလျက်ရှိ။**

အထက်ပါ အမေရိကန်အစိုးရ၏ အသွင်ပြောင်းဒီပလိုမေစီသည် လုပ်နည်းလုပ်ဟန် ပြောင်းလဲမှုမျိုးသာဖြစ်သည်ဟု သာမန်ယူဆနိုင်သော်လည်း အမှန်တကယ်မှာ မဟာဗျူဟာ ရည်မှန်းချက်များ ပြောင်းလဲသွားခြင်းဖြစ်သည်ကို အောက်ပါအချက်များအရ သတိမူအလေးထားကြရမည် ဖြစ်သည်။

ပထမအချက်မှာ– အမေရိကန် သံတမန်အခင်းအကျင်းဆိုင်ရာ မူဝါဒကို အင်အားကြီးနိုင်ငံများအကြား ချိန်ခွင်လျှာ ညီမျှရေးဆိုသည့် မူဝါဒအဖြစ် ထိပ်တန်း

> **ပြီးခဲ့သော ဆယ်စုနှစ်အတွင်း အမေရိကန်အစိုးရ၏ ... အရ အမေရိကန်ဖြစ်စေချင်သည့် ဒီမိုကရေစီပုံစံအတိုင်း ထူထောင်ရာ၌ ကမ္ဘာ့နိုင်ငံများတွင် အခက်အခဲများစွာ ကြ... ယင်းအတွေ့အကြုံများနှင့် သင်ခန်းစာများအရ အမေရိက... ဒီမိုကရေစီသည် နိုင်ငံတိုင်းနှင့် ဆီလျော်ကိုက်ညီမှုမရှိနိုင်... ဦးစားပေး ရွေးချယ်ရန်မဖြစ်နိုင်ကြောင်း ပြဆိုလျက်ရှိ...**

တင်ရာမှနေ၍ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဦးစားပေး ဆက်ဆံရေးမူဝါဒသို့ ပြောင်းလဲသွားခြင်း ဖြစ်သည်။ ဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်၏အဆိုအရ အင်အားကြီး နိုင်ငံများအကြား ပဋိပက္ခဖြစ်ပွားရန် အလားအလာမှာ ယခုအခါ လျော့နည်းသွားပြီဖြစ်၍ ၎င်းတို့ ကျင့်သုံးနေသော နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ လက်တွေ့ လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲပစ်ရတော့မှာဖြစ်ကြောင်း၊ နောင်အနာဂတ်၌ တိုင်းပြည်အချင်းချင်း ပဋိပက္ခမှုများမှတစ်ဆင့် ခြိမ်းခြောက်မှုများ ပေါ်ထွက်လာရန်ထက် တိုင်းပြည်တစ်ပြည်၏ ပြည်တွင်းရေးအပေါ် အခြေခံ၍သာ ပေါ်ထွက်လာရန် အလားအလာရှိကြောင်း၊ ထို့ကြောင့် နိုင်ငံအလိုက် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုစနစ်ကို လေးစားလိုက်နာမှုသည် ခေတ်မမီတော့ကြောင်း၊ ထိုနိုင်ငံ၌ အုပ်ချုပ်နေသော အစိုးရအဖွဲ့၏ အသွင်လက္ခဏာသည်သာ ၎င်းတို့လိုလားသော အသွင်လက္ခဏာ ဖြစ်ရန် အရေးပါလာကြောင်းဖြင့် ယုတ္တိများပြဆိုထားသည်။ ခြုံလိုက်လျှင် အသွင်ပြောင်း ဒီပလိုမေစီသည် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့၏ အင်အားခွဲဝေ ဖြန့်ကြက်မှုထက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစိုးရတစ်ခုချင်း၏ အသွင်လက္ခဏာအပေါ် ပို၍ အလေးထားလာခြင်းပင်ဖြစ်သည်။

ဒုတိယအချက်မှာ– အသွင်ပြောင်း ဒီပလိုမေစီအရ နိုင်ငံ အလိုက်တည်ရှိသော အစိုးရများ၏ အသွင်လက္ခဏာကို ၎င်းအလိုကျဖြစ်အောင် အလေးထားအာရုံစိုက်လာ

သည်နှင့်အမျှ အခြားနိုင်ငံများ... ဝင်ရောက်စွက်ဖက်ရန် လမ်... အမေရိကန်သံတမန်များအနေ... နှင့် ထိတွေ့ဆက်ဆံခွင့် တိုးချဲ့... များ၌ ဩဇာလွှမ်းမိုးနိုင်အောင်... အစိုးရမဟုတ်သော အဖွဲ့အစည်း... အတွေ့အကြုံများနှင့် အင်အား... ဖြင့် အမေရိကန်သံတမန်များ... ပြောင်ပြောင်တင်းတင်း ကိုယ်စား... ၏ ပြည်တွင်းရေးကိစ္စများအပေ... ဖြစ်သည်။ ဤသည်မှာ အသွင်... ထူးခြားချက်ပင်ဖြစ်သည်။

တတိယအချက်မှာ–အသွ... အမေရိကန်အစိုးရ၏ကမ္ဘာ့ဒီမိုက... တကျ ရေရှည်မျှော်မှန်းချက်အ... သွားရန် ဖြစ်သည်။ နိုင်ငံခြား... သံတမန်ရေးရာ မူဝါဒပြောင်... လုပ်ရည်ကိုင်ရည်ရှိသော ဒီမိုက...

ဖြစ်ပေါ်ရန်နှင့် ၎င်းတို့အား ကာ... ဖြစ်သည်ဟု ရှင်းလင်းပြောကြား... လိုအပ်သည်။

မည်သို့ပင်ဖြစ်စေ ယင်း... အကောင်အထည်ဖော်ရန်မှာ လွ... ကြောင်း သိသာထင်ရှားလျက်... ဒီပလိုမေစီ၏ အခြေခံသဘော... လိုက်သည်နှင့်တစ်ပြိုင်နက် အခြ... သည်။ အများစုက အသွင်ပြော... ယုတ္တိသည်ပင် ခိုင်မာမှုမရှိဘဲ... **အကြောင်းရင်းမှာ ယင်းဒီပလ... အုပ်ချုပ်နေသော အစိုးရအဖွဲ့၏... ကို ကမ္ဘာ့နိုင်ငံရေးအတွက် အခ... လွဲမှားစွာ ရှုမြင်ထား၍ဖြစ်ကြေ... ရှိကြသည်။**

ဆန်းစစ်ဝေဖန်သူများက ... နိုင်ငံတစ်နိုင်ငံ၌ အမေရိကန်နိ... စေသည့် ပြည်တွင်းရေးပြဿနာ... ယင်းပြဿနာဖြစ်ပွားရခြင်းမှာ ... တည်ဆဲ လက်ရှိအစိုးရ၏ ကွဲ... လက္ခဏာကြောင့်မဟုတ်ဘဲ ဆ... ရေးအဆောက်အအုံ အခြေမခို... သော အခြားအကြောင်းတရား...

သည်နှင့်အမျှ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကိုပါ ဝင်ရောက်စွက်ဖက်ရန် လမ်းဖွင့်ထားပြီးဖြစ်နေသည်။ အမေရိကန်သံတမန်များအနေဖြင့် နယ်မြေခံပြည်သူများနှင့် ထိတွေ့ဆက်ဆံခွင့် တိုးချဲ့ရယူပြီး ပြည်တွင်းရေးကိစ္စများ၌ ဩဇာလွှမ်းမိုးနိုင်အောင် ကြိုးစားစေသည်။ ထို့ပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် CIA အဖွဲ့၏ အတွေ့အကြုံများနှင့် အင်အားတို့ကို ပေါင်းစပ်ရယူခြင်းဖြင့် အမေရိကန်သံတမန်များသည် ၎င်းတို့အစိုးရကို ပြောင်ပြောင်တင်းတင်း ကိုယ်စားပြုလျက် သက်ဆိုင်ရာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများအပေါ် လွှမ်းမိုးခြယ်လှယ်နိုင်မှာဖြစ်သည်။ ဤသည်မှာ အသွင်ပြောင်းဒီပလိုမေစီ၏ တစ်မူထူးခြားချက်ပင်ဖြစ်သည်။

တတိယအချက်မှာ-အသွင်ပြောင်းဒီပလိုမေစီသည် အမေရိကန်အစိုးရ၏ကမ္ဘာ့ဒီမိုကရေစီမဟာဗျူဟာကို စနစ်တကျ ရေရှည်မျှော်မှန်းချက်အဖြစ် အကောင်အထည်ဖော်သွားရန် ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးရိုက်စ်က ဤသို့ သံတမန်ရေးရာ မူဝါဒပြောင်းလဲမှုသည် ကမ္ဘာပေါ်၌ လုပ်ရည်ကိုင်ရည်ရှိသော ဒီမိုကရေစီအစိုးရများ ဖွဲ့စည်း

အမေရိကန်အစိုးရ၏ တိုက်တွန်းချက် ဒီမိုကရေစီပုံစံအတိုင်း အစိုးရအဖွဲ့များ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ စာများအရ အမေရိကန်လိုလားသော လျော်ကိုက်ညီမှုမရှိနိုင်သဖြင့် လက်တွေ့ ကြောင်း ပြဆိုလျက်ရှိ။

ဖြစ်ပေါ်ရန်နှင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်သွားရန် ဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်ကို သတိထားရန် လိုအပ်သည်။

မည်သို့ပင်ဖြစ်စေ ယင်းဒီပလိုမေစီကို လက်တွေ့ အကောင်အထည်ဖော်ရန်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း သိသာထင်ရှားလျက်ရှိသည်။ အသွင်ပြောင်းဒီပလိုမေစီ၏ အခြေခံသဘောထားကို ဖော်ထုတ်ရှင်းလင်းလိုက်သည်နှင့်တစ်ပြိုင်နက် အငြင်းပွားဖွယ်ရာများ ဖြစ်လာသည်။ အများစုက အသွင်ပြောင်းဒီပလိုမေစီ၏ အခြေခံယုတ္တိသည်ပင် ခိုင်မာမှုမရှိဘဲ မှားယွင်းလျက်ရှိကြောင်း၊ **အကြောင်းရင်းမှာ ယင်းဒီပလိုမေစီတွင် နိုင်ငံအလိုက် အုပ်ချုပ်နေသော အစိုးရအဖွဲ့၏ သဘာဝသွင်ပြင်လက္ခဏာကို ကမ္ဘာ့နိုင်ငံရေးအတွက် အဓိကအခြေခံပြဿနာအဖြစ် လွဲမှားစွာ ရှုမြင်ထား၍ဖြစ်ကြောင်း ဆန်းစစ်ဝေဖန်လျက်ရှိကြသည်။**

ဆန်းစစ်ဝေဖန်သူများက ဆက်လက်ထောက်ပြရာတွင် နိုင်ငံတစ်နိုင်ငံ၌ အမေရိကန်နိုင်ငံ၏ လုံခြုံရေးကို ထိပါးစေသည့် ပြည်တွင်းရေးပြဿနာ ဖြစ်ပွားနေသည့်တိုင်အောင် ယင်းပြဿနာဖြစ်ပွားရခြင်းမှာ အမေရိကန်နှင့်မတူညီသည့် တည်ဆဲ လက်ရှိအစိုးရ၏ ကွဲပြားခြားနားသော အသွင်လက္ခဏာကြောင့်မဟုတ်ဘဲ ဆင်းရဲမွဲတေမှု၊ အခြေခံစီးပွားရေးအဆောက်အအုံ အခြေမခိုင်မာမှုစသည့် ရုပ်ထွေးလှသော အခြားအကြောင်းတရားများကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ ထိုအခြေအနေ၌ တည်ဆဲအစိုးရ၏ ပင်ကိုအနေအထားကို အတင်းအဓမ္မပြောင်းလဲစေမည်ဆိုပါက ထိုနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေမှာ ပိုမိုဆိုးရွားသွားနိုင်ကြောင်း ဝေဖန်ထောက်ပြလျက် ရှိကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ နယ်နိမိတ်ပိုင်ဆိုင်မှုကို ကျော်လွှားနိုင်သည့် 'ကမ္ဘာ့အစိုးရ'မျိုး မပေါ်ပေါက်သေးမီ၌ **နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးမှာ ကြောင်းကျိုးဆီလျော် ခိုင်မာသည့် ကိုယ်ပိုင်အခွင့်အရေးပင်ဖြစ်သည်။** ထို့ကြောင့် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ကာကွယ်ရန်အတွက် အခြားနိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ငြင်းပယ်မည်ဆိုသည့် အယူအဆသည် မိမိကိုတော့ ဆက်လက်ရှင်သန်စေပြီး၊ အခြားသူများကျတော့ ဖြစ်လိုရာဖြစ်စေဆိုသည့် ကြောင်းကျိုးမခိုင်လုံသော အယူအဆမျိုးဖြစ်သည်ဟု ဝေဖန်ကြပြန်သည်။

ပြီးခဲ့သော ဆယ်စုနှစ်အတွင်း အမေရိကန်အစိုးရ၏ တိုက်တွန်းချက်အရ အမေရိကန်ဖြစ်စေချင်သည့် ဒီမိုကရေစီပုံစံအတိုင်း အစိုးရအဖွဲ့များထူထောင်ရာ၌ ကမ္ဘာ့နိုင်ငံများတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ယင်းအတွေ့အကြုံများနှင့် သင်ခန်းစာများအရ အမေရိကန်လိုလားသော ဒီမိုကရေစီသည် နိုင်ငံတိုင်းနှင့် ဆီလျော်ကိုက်ညီမှု မရှိနိုင်သဖြင့် လက်တွေ့ ဦးစားပေး ရွေးချယ်ရန် မဖြစ်နိုင်ကြောင်း ပြဆိုလျက်ရှိသည်။

ဒီမိုကရေစီအရေးကို အကြောင်းပြု၍ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုကြောင့် အမေရိကန်အစိုးရသည် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများ၏ ဆန့်ကျင် သပိတ်မှောက်မှုကို မလွဲမသွေ ရင်ဆိုင်ရမှာဖြစ်သည်။ အမေရိကန် သုတေသီပညာရှင်အချို့ကပင် အသွင်ပြောင်းဒီပလိုမေစီ ကျင့်သုံးမှုကြောင့် အမေရိကန်အစိုးရကို ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ထောက်ခံကြမည်မဟုတ်သည့်အပြင် ကမ္ဘာ့နိုင်ငံများအကြား၌ အမေရိကန်နိုင်ငံကို မလိုလားအပ်သောနိုင်ငံအဖြစ် ခံယူသွားမှာဖြစ်ကြောင်း သတိပေးပြောဆိုလျက်ရှိကြသည်။

အသွင်ပြောင်းဒီပလိုမေစီကို အမေရိကန်အစိုးရက လက်တွေ့ပိုင်နိုင်စွာ ကိုင်တွယ်ကျင့်သုံးရန် ဖြစ်နိုင်ချေ အပေါ်မှာလည်း များစွာ သံသယဝင်ဖွယ်ရာရှိသည်။ သမ္မတဘုရှ်အစိုးရကမူ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဂျာမနီနှင့် ဂျပန်နိုင်ငံတို့၌ အမေရိကန်၏ကူညီလမ်းညွှန်မှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့ပြီးသော ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ်ကဲ့သို့ပင် ဖြစ်မြောက်အောင်မြင်မည်ဟု မျှော်မှန်းထားသည်။

သို့ရာတွင် အမေရိကန်၏ လက်ရှိဘဏ္ဍာရေးအခြေအနေမှာ ဒုတိယကမ္ဘာစစ်အပြီး အခြေအနေမျိုးမဟုတ်တော့ဘဲ တောင့်တင်းခိုင်မာမှုမရှိတော့သည့်အပြင် မိမိတည်ဆောက် ထူထောင်ပေးလိုသည့် နိုင်ငံများမှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး ဂျာမနီ၊ဂျပန်နိုင်ငံတို့မှာကဲ့သို့ လိုအပ်သော အခြေခံအဆောက်အအုံများ၊ ခိုင်ခိုင်မာမာ မရှိကြသေးသည့်အတွက် အသွင်ပြောင်းဒီပလိုမေစီ အယူအဆကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် ခဲယဉ်းလှသည်။ ထို့အပြင် စီးပွားရေးအခြေအနေမကောင်းသည့် ယခုကဲ့သို့ အခြေအနေမျိုး၌ အမေရိကန် ဆီးနိတ်နှင့် အောက်လွှတ်တော်တို့ကလည်း အကျိုးအမြတ် မသေချာသည့် သံတမန်လုပ်ငန်းစဉ်အတွက် လိုအပ်မည့်ဘဏ္ဍာငွေများကို စွန့်စွန့်စားစား ခွင့်ပြု မပြုဆိုသည်မှာလည်း စောဒကတက်ဖွယ်ရာပင် ဖြစ်နေပေသည်။ ။

● **ကျောက်ဖုံးမှ**

ရေးဦးစွာ ဝန်ကြီးသည် အုတ် ၂၇၀၀၀ ဖုတ်နိုင်သော အုတ်ဖိုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အုတ်လှန်းဆောင်သို့ရောက်ရှိပြီး အုတ်စိမ်းများ နေလှန်းနေမှုများကိုလည်းကောင်း၊ အုတ်ညှစ်စက် အမှတ်(၄)၏ အုတ်စိမ်းထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အုတ်ညှစ်စက်များ တိုးချဲ့တပ်ဆင်သွားရေးနှင့် ထုတ်လုပ်ပြီး အုတ်စိမ်းများအား အမိုးအကာအောက်ထားရှိရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်ပြီး ဝန်ကြီးသည် အုတ်ညှစ်စက် အမှတ်(၅)မှ အမှတ်(၇) အထိ အုတ်စိမ်းထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက အုတ်တစ်နေ့နှစ်သိန်း ထုတ်လုပ်သွားနိုင်ရန် အခြေခံလိုအပ်ချက်များဖြစ်သည့် မီးသွေးတောင့် တိုးတက်ထုတ်လုပ်နိုင်ရန် မီးသွေးတောင့်ထုတ်လုပ်စက်များ တိုးချဲ့တပ်ဆင်သွားရေး၊ အုတ်စိမ်းများ တိုးတက်ထုတ်လုပ်ရန် အုတ်ညှစ်စက်များ တိုးချဲ့၍တပ်ဆင်ရေး မှာကြားသည်။

တိုးချဲ့တပ်ဆင်

ထို့နောက် ဝန်ကြီးသည် ထုတ်လုပ်ပြီး ကျောက်မီးသွေးတောင့်များကိုလည်းကောင်း၊ ကျောက်မီးသွေးတောင့် ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်များ တိုးချဲ့တပ်ဆင်သွားရေး၊ ရွှံ့များတူးဖော်ရာမှာဖြစ်ပေါ်လာသော ကန်များ၌ ငါးများမွေးမြူသွားရေး မှာကြားသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ အရည်အသွေးကောင်းသောအုတ်များကို နေပြည်တော်တည်ဆောက်ရေး လုပ်ငန်းများအတွက် တိုးတက်ထုတ်လုပ်ပေးနိုင်ရန်ရည်ရွယ်၍ တစ်နေ့ သုံးသိန်းထုတ်လုပ်နိုင်မည့် အုတ်စက်များ တည်ဆောက်သွားမည်ဖြစ်သည်။

ဖြည့်ဆည်းပေးနိုင်

ပွင့်လင်းရာသီ၌ အုတ်ဖိုများတိုးချဲ့သွားပြီး တစ်နေ့လျှင် အုတ်နှစ်သိန်း ထုတ်လုပ်သွားမည်ဖြစ်ကာ ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးပါက တစ်နေ့လျှင် အုတ်သုံးသိန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ၌ လိုအပ်သောအုတ်များကို ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မစ္စတာမီခေးလ်၊အမ်၊မက်ဂလက်ဇီးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ အိုလက်ဇ္ဇီ၊ ကာဗာနော့ဗ်၏နေရာတွင် မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဇီးအား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မီခေးလ်၊အမ်၊မက်ဂလက်ဇီးသည် ၁၉၄၈ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် မော်စကိုမြို့ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ ၁၉၇၂ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ပြီး၊ ၁၉၈၉ ခုနှစ်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်တက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ကိုရရှိခဲ့သည်။ မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဇီးသည် ၁၉၇၂ ခုနှစ်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာလကတ္တား၊ မဒရပ်စ်နှင့် နယူးဒေလီမြို့များရှိ ရုရှားသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ်မှစတင်၍ မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဇီးသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာဖရိကဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဇီးသည် အိမ်ထောင်ရှင်ဖြစ်ပြီး သမီးတစ်ဦးရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအဖွဲ့ဝင်ဖြစ်ခွင့် စာနယ်ဇင်းဆိုင်ရာရှင်းလင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အဖွဲ့ဝင်ဖြစ်ခွင့်နှင့်ပတ်သက်၍ စာနယ်ဇင်းဆိုင်ရာ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၁၆ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အဖွဲ့ဝင်ဖြစ်ခွင့်နှင့်ပတ်သက်၍ စာနယ်ဇင်းအဖွဲ့များကို ရှင်းလင်းရာတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ အခြေခံအလွှာ ၁၀ ခုရှိပြီး ယင်းတို့မှာ ဇာတ်လမ်း/ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ အဓိကသရုပ်ဆောင်၊ ဇာတ်ပို့ဇာတ်ရံ၊ ပြဇာတ်နှင့် ရုပ်ရှင်နောက်ခံတေးဂီတ၊ ထုတ်လုပ်သူ၊ စက်မှုလက်မှု၊ တည်းဖြတ်မှတ်တမ်း၊အုပ်ချုပ်/ဖြန့်ချိ/ပြသသူများ၊ ဗီဒီယိုဟူ၍ သတ်မှတ်ထားကာ အခြေခံအလွှာများအလိုက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် အဖွဲ့ဝင်ဖြစ်ခွင့် လျှောက်လွှာပုံစံများကို ရရှိနိုင်ကြောင်းနှင့် အခြေခံအလွှာများ ဖွဲ့စည်းပုံနှင့်ပတ်သက်၍ ဖွဲ့စည်းပုံရေးဆွဲရေးကော်မတီ (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး) ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁ တို့သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၇-၂၀၀၆ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၀ ၇။ ရွှေလောင်းတံတား
၈:၂၀ ၈။ အရေးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၇)
၁၃:၁၀ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၂၀ ၈။ **"တောမြိုင်စွန်းမှလွမ်းမျက်ရည်"** ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၃:၄၀ ၉။ အတီးပြိုင်ပွဲ
၁၃:၄၅ ၁၀။ ကြီးပွားတိုးတက်စေရာ အကျိုးတူပူးပေါင်းဆောင်ရွက်ပါ
၁၄:၀၀ ၁၁။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၁၅ ၁၂။ အဆိုပြိုင်ပွဲ
၁၄:၂၅ ၁၃။ **"မမြင်ကွယ်ရာ"** မောင်မောင်မျိုးသန့်၊ မတူး၊ မောင်မောင်မြင့် (ဒါရိုက်တာ-စိုးဟိန်း၊ မန်းတက္ကသိုလ်)
၁၄:၃၀ ၁၄။ မူဆယ်ခရိုင် ပေါ်ကြွယ်လှိုင်များဆင်းရွှေလီစပါး
၁၄:၄၅ ၁၅။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အကပြိုင်ပွဲ
၁၆:၅၀ ၅။ တေးဂီတအစီအစဉ်
၁၇:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သချင်္ာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [သချင်္ာ]
၁၇:၁၅ ၇။ **"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၇:၂၀ ၈။ နားဝင်ပီယံသူ့လက်သံ
၁၇:၂၅ ၉။ တေးဂီတအစီအစဉ်
၁၇:၃၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၂၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ Discovery
၁၈:၅၀ ၁၄။ တေးဂီတအစီအစဉ်
၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"**(အပိုင်း-၁၃)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"**(အပိုင်း-၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၆ (စနေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ရောဂါဘယကင်းဝေးဖို့ တိုင်းရင်းဆေးကို သုံးကြစို့
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ ကလေးတို့အတွက် လက်ဆောင်
၇:၅၀ တေးဂီတအစီအစဉ်
၇:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၈:၀၀ ထားဝယ်ရိုးရာအက (ဖိုးရှင်ခြေ)
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ ပြည်တွင်းသတင်းအကျဉ်း
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ Yangon Panorama (တစ္ဆေအလိုက်ခံရသူများ)
၉:၀၀ မိုးလေဝသခန့်မှန်းချက်
၉:၀၅ ခဲမဟုတ်တဲ့ ခဲတံ
၉:၂၀ တေးဂီတအစီစဉ်
၉:၂၅ ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (R ဇာနည်နှင့် သူ၏အနုပညာခရီးလမ်း)
၁၀:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅ ရော်ဘာသစ်အလုပရိဘောဂ
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ နိုင်ငံတကာအနုပညာရေးရာ
၁၀:၄၅ မေးကြည့်ဖြေကြည့်ပဟေဠိ (ကျော်ရှိန်း၊ စုချစ်ဇော်)
၁၁:၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ အကအစီအစဉ်
၁၁:၅၀ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်း
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်းဆက်ကပ် ဆွမ်းစားကျောင်းဆောင်အတွက် အလှူတော်ငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့အား အမှူးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်း၊ဆွမ်းဆန်တော်အတွက် လှူဖွယ်ပစ္စည်းများ၊ ဆေးအလှူတော်ငွေနှင့် တည်ဆောက်လျက်ရှိသော သုံးထပ်ဆွမ်းစားကျောင်းဆောင်သစ်အတွက် အလှူတော်ငွေ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တောင်ကြီး ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ တောင်ကြီးပရိယတ္တိစာသင်တိုက်နာယကဆရာတော် အမှူးပြု၍သံဃာတော် ၁၀၄ ပါး ကြွရောက်တော်မူကြပြီး ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲ များ၊ ဝန်ထမ်းမိသားစုများတက်ရောက်ကြသည်။

ချီးမြှင့်

ရှေးဦးစွာတောင်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကလျာဏဓမ္မထံမှ သီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွား သရဏ္ဍုယ်ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်၊သံဃာတော်များအား ဝန်ကြီးနှင့်ဇနီး၊အလှူရှင်များက ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်အတွက် လှူဖွယ်ပစ္စည်းများ၊ဆေးအလှူငွေနှင့်တောင်ကြီးကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ဆွမ်းစားကျောင်းဆောင်သစ်အတွက် အလှူတော်ငွေကျပ်၃၆သိန်းတို့ကိုဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် တောင်ကြီးပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်က အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားရုံးချုပ် ပထမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၁၄

တရားရုံးချုပ်(နေပြည်တော်) ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ တရားရုံးချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုးတက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ–လာအိုနိုင်ငံခြားရေးဝန်ကြီးဌာနများ ညှိနှိုင်းအစည်းအဝေးမှပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာဘွန်ခတ်ဆန်ဆွန်မ်ဆက်ခ်၏ ဖိတ်ကြားချက်အရ ဇူလိုင်၁၀ရက်မှ၁၃ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပခဲ့သည့် မြန်မာ–လာအိုနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့က ပြန်လည်ရောက်ရှိသည်။

ဆွေးနွေးခဲ့

ဒုတိယဝန်ကြီး ဦးကျော်သူသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ရှိနေစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဌာနဝန်ကြီးဒေါက်တာ ထုန်လွန်စီဆူလစ်အား တွေ့ဆုံခဲ့ပြီး**(အပေါ်ပုံ)** မြန်မာ–လာအို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခတ်ဆန်ဆွန်မ်ဆက်ခ်နှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များအပေါ် ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်ခဲ့

အဆိုပါ မြန်မာ–လာအိုနှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ သံမှူးကြီး ဦးစိန်ဦးနှင့် ပထမအတွင်းဝန် ဦးမင်းသိန်းတို့ ပါဝင် တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အတူ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းဟန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့လည်း ပြန်လည်လိုက် ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်သာမဏေဓမ္မဗိမာန် တရားစခန်း

ရန်ကုန် ဇူလိုင် ၁၄

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ ဒလ–အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (မဟာသဒ္ဓမ္မ ဇောတိကဓဇ)က ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ မူလကျင့်စဉ်နှင့် အညီ အနာဂါမ်ဆရာသက်ကြီးနည်းအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေးတရားစခန်းကို ဇူလိုင်၁၆ ရက်မှ ၂၂ရက်အထိ ညနေ၅နာရီမှ၆ နာရီခွဲအတွင်း ဟောကြားပို့ချမည်ဖြစ်ရာ တရားအားထုတ်လိုသူများ ဖုန်း–၃၈၇၃၆၁သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပက်ဒရိုလိုလျှပ်စစ်ရေစုပ်စက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

Uni Trade(M)Ltd.က ကြီးမှူးကျင်းပသော ပက်ဒရိုလိုလျှပ်စစ်ရေစုပ်စက်အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ညနေ၆နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ**(အောက်ပုံ)** ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီပိုင်ရှင်များ၊ အရောင်းကိုယ်စားလှယ်များနှင့် ဝယ်ယူအားပေးကြသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ Uni Trade(M)Ltd. မှ Chairman Mr.Shafiq Ur Rahman နှင့် အထွေထွေမန်နေဂျာ ဦးသိန်းညွန့်တို့က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် Pedrollo nk Ltd. Bangladesh မှ Managing Director Mr. Nadar Khan က ပက်ဒရိုလိုလျှပ်စစ်ရေစုပ်စက်နှင့် ပတ်သက်၍ မိတ်ဆက်စကား ပြောကြားပြီး Pedrollo S.P.A, Italy မှ Mr.E.Franchetto က ပက်ဒရိုလိုလျှပ်စစ်ရေစုပ်စက်နှင့် ပတ်သက်၍ ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေ၊ လျှပ်စစ်ရေစုပ်စက်၏ စွမ်းရည်မြင့်မားပုံတို့ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။ ယင်းနောက် တက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ပက်ဒရိုလိုလျှပ်စစ်ရေစုပ်စက်များသည် ရေထုညစ်ညမ်းမှုမရှိ အောင်လုပ်ပေးနိုင်ခြင်း၊ တုန်ခါမှုမရှိခြင်း၊ ရေထွက်ရှိမှုနှင့် စုပ်ယူမှုအရမ်းမြန်ဆန်ပြီး အသံထွက်မှု လုံးဝမရှိကြောင်းသိရသည်။ **(သတင်းစဉ်)**

စိုက်ပျိုးပြီးစိုက်ခင်းများ ရာနှုန်းပြည့်ရှင်သန်စေရေး အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ခွဲဝေချထား

နေပြည်တော် ဇူလိုင် ၁၄

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဇူလိုင်၅ရက်နှင့်၆ရက်တို့က မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့ တုရင်တောင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ကျောက်တောင်များပေါ်၌ ကွန်တိုလိုင်းဖြင့် စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ချောက်မြို့နယ် ရွှေပုံတောင် တမာစိုက်ခင်းများ၏ ရှင်သန်အောင်မြင်မှုအခြေအနေများ၊ အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးထားရှိမှုနှင့် ကြက်ဆူပင်စိုက်ပျိုးအောင်မြင်နေမှုအခြေအနေများကိုကွင်းဆင်းစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ စိုက်ပျိုးပြီးစိုက်ခင်းများ ရာနှုန်းပြည့်ရှင်သန်စေရေး အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲထိန်းသိမ်းရေး၊ ဝန်ထမ်းများအနီးကပ်ကြီးကြပ်ကွပ်ကဲနိုင်ရန် တိတိကျကျ တာဝန်ခွဲဝေချထားရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

မြန်မာ–အိန္ဒိယယဉ်ကျေးမှု ဟိန္ဒီရိုးရာကဗျာရွတ်ဆို

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်နှင့် မြန်မာဟိန္ဒီစာပေအသင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ယဉ်ကျေးမှုတိုးတက်ဖွံ့ဖြိုးရေးရည်ရွယ်ချက်ဖြင့် ဟိန္ဒီရိုးရာကဗျာရွတ်ဆိုပွဲကို ယနေ့ညနေ၆နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

ယင်းကဗျာရွတ်ဆိုပွဲသို့ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသမ္မတသံရုံးမှပထမအတွင်းဝန် Mr. Raj K.Srivastava၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်ရွှေနှင့် အဖွဲ့ဝင်များ၊ မြန်မာဟိန္ဒီစာပေအသင်းဥက္ကဋ္ဌ စာရေးဆရာကြီး ပါရဂူ၊ အိန္ဒိယသမ္မတနိုင်ငံမှ ဟိန္ဒီရိုးရာ ကဗျာဆရာကြီးများ၊ ဧည့်သည်များ တက်ရောက်ကြပြီး စာရေးဆရာကြီး ပါရဂူက အမှာစကားပြောကြားသည်။

ထို့နောက် ဂီတကမ္ဘာမြန်မာမှ အနုပညာရှင်များက "ဓမ္မစကြာ" ဓမ္မတေးဖြင့် သီဆိုတီးခတ်ကြပြီး အိန္ဒိယသမ္မတနိုင်ငံမှ ဟိန္ဒီရိုးရာ ကဗျာဆရာကြီးလေးဦးတို့က ရိုးရာဟိန္ဒီကဗျာများကို ရွတ်ဆိုကြသည်။ **(သတင်းစဉ်)**

ယာဉ်တိုက်မှုနှင့်ယာဉ်မတော်တဆမှုများကျဆင်းရေး မော်တော်ယာဉ်များစနစ်တကျစစ်ဆေးအရေးယူ

ရန်ကုန် ဇူလိုင် ၁၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၁၆)ကြိမ်မြောက်အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂နာရီခွဲ က ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ရန်ကုန်မြို့တော်နေ ပြည်သူများယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျ လိုက်နာကြပြီး ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆောင်ရွက်ထားရှိမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲ နှင့် ဆုပေးပွဲကျင်းပရေး၊ စာတမ်းများ ပြုစုရေးနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပရေး ဆောင်ရွက်ထားရှိမှု၊ သတိပေးနှိုးဆော်ချက်ထုတ်ပြန်ခဲ့မှုများ၊

ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်၍ ပညာပေးခြင်း၊ မော်တော်ယာဉ်များကို စနစ်တကျစစ်ဆေးကြပ်မတ်အရေးယူခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ခေတ္တဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၀၆ခုနှစ် မေလနှင့် ဇွန်လအတွင်း ယာဉ်စည်းကမ်း အခြေခံပညာကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပို့ချခဲ့မှု၊ လမ်းများကောင်းမွန်စေရေး ဆောင်ရွက်ပေးနိုင်ရေးနှင့် ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းရေးအတွက် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ရန်ကုန်အဝေးသင်တက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန် အဝေးသင် တက္ကသိုလ် (၁၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ဗုဒ္ဓဘာသာအသင်းက လှူဒါန်းမှုအစုစုအတွက် ရေစက်ချပွဲနှင့် (၂၄)ကြိမ်မြောက်ဝါဆိုသင်္ကန်း ကပ်လှူပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ရန်ကုန်အဝေးသင်တက္ကသိုလ် အစည်းအဝေးခန်းမ(၂)၌ကျင်းပသည်။

လျှောက်ထား

အခမ်းအနားတွင် ရန်ကုန်အဝေးသင်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ်က ဗုဒ္ဓဘာသာအသင်း၏ လှူဒါန်းမှုအစုစုနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များထံ လျှောက်ထားသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် တပ်ကုန်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသိရိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကဆရာတော်များက ပရိတ်တရားတော်များကို ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တာဝန်ခံ ပါမောက္ခချုပ်နှင့် ကြွရောက်လာကြသော ဆရာဆရာမများက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှပေးဝေ

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြဦး ကိုယ်အင်္ဂါအစားထိုးကုသမှုဆိုင်ရာလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (ကျန်းမာရေး)

ရေနံချောင်းမြို့နယ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၄

ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသောဘနနှင့် သံဃာတော်ကိုးပါးတို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ ဇနီးနှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားရုံးအပေါ် အများပြည်သူယုံကြည်မှုရှိလာအောင်ဆောင်ရွက် တရားမမှုခင်းများ ဥပဒေနှင့်အညီ မှန်ကန်အောင်ဆုံးဖြတ်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေသည် ရန်ကုန်တိုင်းတရားရုံးမှ တွဲဖက်တိုင်းတရားသူကြီးများနှင့် တိုင်းအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တွေ့ဆုံပြီး တရားစီရင်ရေးညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၈ရက် နံနက်၉နာရီက တရားရုံးချုပ် ဓမ္မာရုံတွင်ကျင်းပသည်။

မှာကြား

အခမ်းအနားတွင် တိုင်းတရားသူကြီးဦးအောင်ငွေ(**အပေါ်ပုံ**)က တရားရုံးချုပ် နေပြည်တော်တွင် ဇွန် ၂၆ရက်နှင့် ၂၇ရက်များ၌ကျင်းပခဲ့သော နိုင်ငံတော်တရားရုံးချုပ်နှင့် ပြည်နယ်၊တိုင်း၊ခရိုင် တရားသူကြီးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသည့် မူဝါဒလုပ်ငန်းစဉ်များကို သိရှိခံယူကျင့်သုံးရေး၊ တရားစီရင်ရေးလုပ်ငန်းများတွင် အဓိကတာဝန်ရှိသူ တရားသူကြီးများက တရားစီရင်ရေးနှင့် တရားရုံးများအပေါ် အများပြည်သူလေးစားယုံကြည်မှုရရှိအောင် ဆောင်ရွက်ကြရေး၊ မှုခင်းများကို တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရေး၊ လာဘ်ပေးလာဘ်ယူ အဂတိကင်းရှင်းရေး၊ တရားသူကြီးများ ကျင့်ဝတ်သိက္ခာစောင့်ထိန်းရေးနှင့် နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားမှု၊ တရားဥပဒေစိုးမိုးမှု၊ လုံခြုံမှုကို ထိပါးစေသော ပြစ်မှုများအား ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရေး၊ တရားမမှုခင်းများကို တရားဥပဒေနှင့်အညီ မှန်ကန်မျှတအောင် ဆုံးဖြတ်ရေးတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားသွားသည်။ **(က-ပ)**

မြန်မာကျွမ်းကျင်သူပညာရှင်များ နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသူများဖြစ် အချိန်နှင့်တစ်ပြေးညီကိုယ်အင်္ဂါအစားထိုးကုသနိုင်

ရန်ကုန် ဇူလိုင် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ ကိုယ်အင်္ဂါအစားထိုး ကုသမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးက အမှာစကားပြောကြားရာတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုး ကုသမှုများဖြစ်သော အသည်းအစားထိုးကုသမှု၊ ကျောက်ကပ်အစားထိုးကုသမှု၊ ခြေလက်အစားထိုးကုသမှု၊ မျက်ကြည်လွှာအစားထိုးကုသမှု၊ ရိုးတွင်းချဉ်ဆီ အစားထိုးကုသမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာကျွမ်းကျင်သူပညာရှင်များအနေဖြင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် အချိန်နှင့်တစ်ပြေးညီ ကိုယ်အင်္ဂါအစားထိုး ကုသမှုဆောင်ရွက်နိုင်ခြင်းကို ချီးကျူးကြောင်း၊ ကိုယ်အင်္ဂါအစားထိုးခွဲစိတ် ကုသပေးခဲ့သည့် ဆရာဝန်ကြီးများအနေဖြင့် ပြီးခဲ့သည့် လုပ်ငန်းအောင်မြင်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အတွေ့အကြုံ ပညာဆိုင်ရာကို လက်ဆင့်ကမ်း သင်ကြားပေးထားရန်လိုအပ်ကြောင်း၊ ဆရာကြီးများအနေဖြင့် နိုင်ငံတိုးတက်မှုအတွက် မိမိတို့ တတ်မြောက်ထားသည့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို မျိုးဆက်သစ်များအား ဆရာစားမချန်ဘဲ အလုံးစုံပြည့်စုံအောင် သင်ကြားပေးကြရန် တိုက်တွန်းပါကြောင်းနှင့် ကိုယ်အင်္ဂါအစားထိုး ခွဲစိတ်ကုသပေးခဲ့သည့် အုပ်စုအဖွဲ့ခေါင်းဆောင်များ အနေဖြင့် ရရှိခဲ့သော အောင်မြင်မှုအတွေ့အကြုံများကို ပိုမိုတိုးတက်အောင် ဝိုင်းဝန်းအကြံပြုဆွေးနွေးရန် ပြောကြားသည်။

ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

ယင်းနောက် အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့၊ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအဖွဲ့၊ လက်အစားထိုးခွဲစိတ်ကုသမှုအဖွဲ့၊ မျက်ကြည်လွှာအစားထိုးကုသရေးအဖွဲ့၊ ရိုးတွင်းချဉ်ဆီအစားထိုးနှင့် သွေးသွင်းကုသရေးအဖွဲ့များက အုပ်စုအလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် လိုအပ်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။ **(သတင်းစဉ်)**

မိုးမိတ်စေတီတော်ကြီးများ ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲတော်နှင့် တိပိဋက စာအောင်သံဃာတော်များအား ဂုဏဝိသိဋ္ဌပူဇာပွဲ

ရန်ကုန် ဇူလိုင် ၁၄

၁၃၆၈ ခုနှစ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင် မိုးမိတ်စေတီတော်ကြီးများ (၄၆) ကြိမ်မြောက် ဗုဒ္ဓ၊ဓမ္မ၊ သံဃပူဇော်ပွဲတော်နှင့် ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရနှင့် စာအောင် သံဃာတော်များ ဂုဏဝိသိဋ္ဌပူဇာပွဲကို တစ်ပေါင်းတည်းကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓ၊ဓမ္မ၊သံဃ ပူဇာပွဲကို ၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၅ရက်မှ ၈ရက်အထိ (ဩဂုတ် ၂၇ရက်မှ ၃၀ ရက်အထိ) ကျင်းပမည်ဖြစ်ပြီး စာရေးတံမဲ အလှူရှင်နှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲကျင်းပမည်ဖြစ်ရာ တိ-နိ ကျောင်းတိုက်ကြီးများမှ ထွက်ခွာ၍ မြို့နယ်အသီးသီး၌ သီတင်းသုံးနေတော်မူသည့် ဆရာတော်သံဃာတော်များအား ကြွရောက်ကြပါရန် ပင့်လျှောက်ထားသည်။ ထို့ပြင် ဓမ္မမိတ်ဆွေများလည်း သွားရောက်လိုပါက တစ်ပတ်ကြိုတင်၍ တိ-နိ ရန်ကုန်ဌာနသို့ စာရင်းပေးရမည်ဖြစ်သည်။

တိပိဋက-နိကာယ ကျောင်းတိုက်ကြီးများမှ ၁၃၆၇- ၆၈ (၂၀၀၆) (၅၈)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲ၌အောင်မြင်တော်မူခဲ့သော တိပိဋကစာအောင် သံဃာတော် ၂၄ ပါးနှင့် ဘွဲ့ရ ဆရာတော် သံဃာတော်များအား ဂုဏဝိသိဋ္ဌပူဇာပွဲတွင် ဘွဲ့ရ သံဃာတော်များနှင့် ပင့်သံဃာ အပါး ၇၅၀၊ သာမဏေ၊ သီလရှင် အပါး ၆၀၀ တို့အတွက် သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၅၀၀၀၊ သာမဏေနှင့် သီလရှင် ဝတ်စုံတစ်စုံလျှင် ကျပ် ၄၅၀၀ဖြင့်လှူဒါန်းနိုင်ကြောင်းသိရသည်။

လှူဒါန်းနိုင်

အလှူရှင်ဒါယကာဒါယိကာမများ အနေဖြင့်တိပိဋကကျောင်းတော်အမှတ် ၁၂ စံကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ တိ-နိ မန္တလေးဌာန အမှတ် (၁၉) ၂၆ လမ်း ပိုက်ကျိုးရပ် မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

အောင်ဆန်းမြို့ တပ်ဦးကျောင်း ဆရာတော် ပြည်ပ သာသနာပြုခရီး ကြွရောက်တော်မူ

ရန်ကုန် ဇူလိုင် ၁၄

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇) ပဓာန နာယက ပြည်တွင်း ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ Mogok Insight Meditation Centreအဖွဲ့မှ ပင့်လျှောက်ချက်အရ နယူးယောက်၊ ဝါရှင်တန်၊ ဖီလာဒဲလ်ဖီးယား၊ ဘော့စတွန်၊ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်၊ရေးဗားဆိုက်၊ ဆန်ဖရန်စစ္စကိုမြို့များတွင်လည်းကောင်း၊ ကနေဒါနိုင်ငံ တိုရန်တိုနှင့် အခြားမြို့များ၌လည်းကောင်း မိုးကုတ်ဝိပဿနာ ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဝါတွင်းကာလပတ်လုံး ဟောဖော်ညွှန်ကြားပြသရန် ဇူလိုင်၄ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ သာသနာပြုခရီး ကြွရောက်တော်မူရာ ဒါယကာ ဒါယိကာမများက ပို့ဆောင်ဖူးမြော်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အာရှဖလား ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၄

ဩစတြေးလျနိုင်ငံတွင် ဇူလိုင်၁၆ရက်မှ ၃၀ရက်အထိ ကျင်းပမည့် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ (AFC Women's Asian Cup Australia 2006) ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် အဖွဲ့ဝင် ၂၇ ဦးပါဝင်သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဩစတြေးလျနိုင်ငံသို့ ထွက်ခွာသွားကြသည်။

လိုက်ပါဆောင်ရွက်

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးစိုးမြင့်လွင် (အမှုဆောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး (ရွှေရှမ်းကန်)၊ အတွင်းရေးမှူးအဖြစ် ဒေါ်မိမိမော် (အား/ကာ ဦးစီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာ ဒေါ်မော်လီချစ် (အား/ကာ ဦးစီးဌာန)၊ နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး(ကာကွယ်ရေး)၊ လက်ထောက် နည်းပြအဖြစ် ဦးတင်မျိုးအောင် (ပြည်ထဲရေး)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ် (မြို့တော်စည်ပင်)တို့က လိုက်ပါဆောင်ရွက်ကြသည်။

သူတို့ပါဝင်

အားကစားသမားများအဖြစ် **(ဂိုး)** မေခင်ယမင်း၊ ညိုညိုဝင့်၊ **(နောက်တန်း)** စန်းစန်းမော်၊ စန်းစန်းသိန်း၊ နေဇာလင်းလင်းအောင်၊ ခင်ချောစုလှိုင်၊ နှင်းဆီမြင့်၊ မြင့်မြင့်အေး၊ အေးအေးခိုင်၊ စုစုဝေ၊ **(အလယ်တန်း)** သူဇာထွေး၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင်၊ သီတာဦး၊ စန်းယုနိုင်၊ **(ရှေ့တန်း)** ဇင်မာဝမ်း၊ မိုင်နီလာထွေး၊ ခင်မာလာထွန်းနှင့် မာဂရက်မေရီတို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ရမည်

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် အုပ်စု(ခ) ၌ပါဝင်ပြီး ဇူလိုင် ၁၆ရက်တွင် ထိုင်းအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၁၈ ရက်တွင် အိမ်ရှင်ဩစတြေးလျ အသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၀ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့်လည်းကောင်း၊ ဇူလိုင် ၂၂ရက်တွင် တောင်ကိုရီးယားအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(က)၌ တရုတ်အသင်း၊ ဂျပန်အသင်း၊ ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ပါဝင်ကြသည်။ အုပ်စုပထမနှင့် အုပ်စုဒုတိယ ရရှိသော အသင်းများ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၂၇ရက်တွင်လည်းကောင်း၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၃၀ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

(သတင်းမှတ်စု-ကိုထွေး၊ မြန်မာ့အလင်း)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း၃လမ်းမှတ်တိုင်အနီး)တွင် အမှတ်၉၈ ပထမထပ် ဓမ္မဝိဟာရလမ်း ကျောက်မြောင်းနေ ဦးဝင်းကြည်-ဒေါ်သန်းသန်း၊ သား ဦးတင်မောင်မြင့်၊ သမီး ဒေါ်ရီရီမာ၊ ဦးကိုကိုကြီး၊ ဦးကိုကိုလေး၊ ဦးဇော်ဝင်းထွန်းမိသားစုတို့က ဦးဝင်းကြည် အသက် (၈၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် တစ်သိန်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်ချိုထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ကရာတေးဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၆ခုနှစ် (၁၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော် တက်ရောက်၍ ဆုများချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့မင်္ဂလာဒုံ တပ်နယ်မှ ဗိုလ်မှူးချုပ် ရဲချစ်ဖေ၊ တပ်မတော်ကိုယ်ခံပညာနှင့်အားကစား သိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ စစ်သည် မိသားစုများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

တံခွန်စိုက်ဒိုင်းဆုချီးမြှင့်

ဆုချီးမြှင့်ပွဲတွင် တစ်ဦးချင်း (ကုမိတဲ့) ပြိုင်ပွဲများ၊ တစ်ဦးချင်း(ခတ) ပြိုင်ပွဲများ၊ အသင်းလိုက် (ကုမိတဲ့) ပြိုင်ပွဲများ၊အသင်းလိုက်(ခတ)ပြိုင်ပွဲများနှင့် အလွတ်တန်းတစ်ဦးချင်း (ကုမိတဲ့) ပြိုင်ပွဲတို့တွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး တံခွန်စိုက် ဒိုင်းဆုရရှိသွားသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ တရားသူကြီးများ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၆ ခုနှစ် ဇွန် ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၁၂ ရက်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်တရားသူကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားသူကြီး ဦးအောင်ဝင်းက တရားသူကြီးချုပ်၏ မှာကြားချက်နှင့်အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

အဆိုပါရှင်းလင်းပွဲသို့ သထုံခရိုင် တရားသူကြီး ဦးငွေမြင့်၊မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်ခင်ဆွေထွန်းနှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၄

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် (၁)ခုနှင့် ကြေးတံဆိပ်(၃)ခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၃၀ ရက် ညပိုင်းက ကရဝိက်နန်းတော်တွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် မြားပစ်အားကစားနည်း တာဝန်ခံ နာယက ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများ၊ အောင်ပွဲရ မြားပစ်အဖွဲ့နှင့် မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်တို့မှ အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ကိုယ်စား အထွေထွေ အတွင်းရေးမှူး အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင့်ဆန်းက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မြားပစ်အားကစားနည်း တာဝန်ခံ နာယကက အမျိုးသား Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ဇော်ဝင်းထိုက် (ပြည်ထဲရေး) အား ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၅၀ ချီးမြှင့်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ဥက္ကဋ္ဌ ဦးတင့်ဆန်းတို့က ကြေးတံဆိပ်ဆွတ်ခူးခဲ့သော Compound အမျိုးသားနှင့်အမျိုးသမီးအသင်း၊ Recurve အမျိုးသမီးအသင်းနှင့် အုပ်ချုပ်သူ နည်းပြဆရာ ရှစ်ဦးတို့အား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ်ငါးသောင်းစီ ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆက်တွဲ ဂယက်ရိုက်ခတ်ချက်များ

စုစည်းတင်ပြသူ -မောင်မောင်မြင့်ဆွေ

ဘာလင် ဇူလိုင် ၁၄

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားခဲ့ပြီးနောက်ပိုင်း ဆက်လက်ဖြစ်ပေါ်လျက်ရှိသည့် သတင်းဂယက်များကို စုစည်းဖော်ပြလိုက်ပါသည်။

အီတလီအသင်း နည်းပြသစ်ရော်ဘတ်တိုဒိုနာဒိုနီ။

အီတလီအသင်း နည်းပြသစ်ခန့်ပြီ

၂၀၀၆ ကမ္ဘာ့ဖလားကို ပူပူနွေးနွေး ရရှိထားသော အီတလီဘောလုံးအသင်း နည်းပြသစ်အဖြစ် ရော်ဘတ်တိုဒိုနာဒိုနီအား ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အီတလီဘောလုံးအဖွဲ့ချုပ်က ကြေညာလိုက်သည်။

ကမ္ဘာ့ဖလားကိုရယူပေးခဲ့သော နည်းပြမာဆယ်လိုလစ်ပီ ဇူလိုင် ၁၂ရက်က နုတ်ထွက်သွားခဲ့ရာ ၎င်းနေရာတွင် ရော်ဘတ်တိုဒိုနာဒိုနီအား အီတလီဘောလုံးအဖွဲ့ချုပ်က အလျင်အမြန် အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဒိုနာဒိုနီသည် အသက် ၄၂ နှစ်အရွယ်ရှိပြီး အေစီမီလန်အသင်း ကွင်းလယ်ကစားသမားဟောင်းတစ်ဦးလည်းဖြစ်သည်။ အီတလီအသင်းအတွက် အသင်းခေါင်းဆောင်အဖြစ် ၆၃ပွဲ ကစားပေးခဲ့သူလည်းဖြစ်ကာ နည်းပြအလုပ်ကို ၂၀၀၁ခုနှစ်မှ စတင်ကာ ဆောင်ရွက်ခဲ့သူဖြစ်သည်။

ယခုအခါ အီတလီစီးရီးအေမှ လီဗော်နိုအသင်း နည်းပြတာဝန်ကို ထမ်းဆောင်နေသော ဒိုနာဒိုနီသည် အီတလီဘောလုံးအဖွဲ့ချုပ်၏ ခေါ်ယူမှုအရ အီတလီနည်းပြအဖြစ် တာဝန်ပေးခြင်း ခံရသူဖြစ်သည်။ ဒိုနာဒိုနီသည် လီဗော်နိုအသင်းကို ပြီးခဲ့သည့် စီးရီးအေရာသီ၌ အဆင့်ခြောက်အထိ ရောက်အောင်ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဒိုနာဒိုနီသည် ဩဂုတ် ၁၆ရက်တွင် ကော့စတာရီကာအသင်းနှင့် ချစ်ကြည်ရေးပွဲတွင် အီတလီနည်းပြအဖြစ် ပထမဆုံးတာဝန်ယူဆောင်ရွက်ရတော့မည်ဖြစ်သည်။ အီတလီအသင်းကို ယူရို ၂၀၀၈၌ ပါဝင် ဆင်နွှဲနိုင်အောင် ကြိုးပမ်းပေးရမည်ဖြစ်သည်။

ဇီဒန်းကို အနီကတ်ပြခဲ့သည့် ဒိုင်လူကြီး နုတ်ထွက်ရန်စီစဉ်နေ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းအား အနီကတ်ပြကာ ကစားကွင်းအတွင်းမှ ထုတ်ပစ်ခဲ့သည့် အာဂျင်တီးနားနိုင်ငံသား ကွင်းလယ်ဒိုင်လူကြီး အယ်လီဇွန်ဒိုက မိမိအနေဖြင့် ဖီဖာဒိုင်လူကြီးအဖြစ်မှ နုတ်ထွက်ရန် စီစဉ်နေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဇီဒန်းကို အနီကတ်ပြကာ ထုတ်ပစ်ခဲ့သည့် ကွင်းလယ်ဒိုင်လူကြီး အယ်လီဇွန်ဒို။

ကမ္ဘာတစ်လွှားအားကစား

အသက် ၄၂နှစ်အရွယ်ရှိ အယ်လီဇွန်ဒိုသည် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲ၌ စည်းကြပ်ဒိုင်လူကြီး အကူအညီဖြင့် ဇီဒန်းအား အနီကတ်ပြ ထုတ်ပစ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ရာ ၎င်းဆုံးဖြတ်ချက်အတွက် မိမိမမှားကြောင်း ပြောကြားခဲ့သည်။

မိမိအနေဖြင့် ဂျာမနီကမ္ဘာ့ဖလားအဖွင့် ပွဲစဉ်နှင့် အပိတ်ပွဲစဉ်နှစ်ခုစလုံး ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ယူခဲ့ရသဖြင့် အတိုင်းမသိ ကျေနပ်ရကြောင်း၊ ဂုဏ်ယူဖွယ်ရာလည်းဖြစ်ကြောင်း၊ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း တစ်ချိန်လုံး ပျော်ပျော်ရွှင်ရွှင်နှင့်တာဝန်ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း အချို့သောချို့ယွင်းမှု၊ အားနည်းမှုများရှိခဲ့ကြောင်း၊မိမိဒိုင်လူကြီးအဖြစ်မှ နုတ်ထွက်ရန်စီစဉ်ခြင်းမှာ ယင်းအဖြစ်အပျက်နှင့်မဆိုင်ကြောင်း ပြောကြားသည်။

အီတလီနောက်ခံလူ မာတာရာဇီ။

အီတလီနောက်ခံလူ မာတာရာဇီ ဖီဖာ၏ စုံစမ်းစစ်ဆေးမှုခံရမည်

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပခဲ့သည့် ၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ပြင်သစ် ကွင်းလယ်ကစားသမား ဇီဒန်းအား ဒေါသပေါက်ကွဲစေအောင် ပြောဆိုခဲ့ခြင်းနှင့်ပတ်သက်၍ အီတလီနောက်ခံလူ မာတာရာဇီသည် ဖီဖာ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စစ်ဆေး မေးမြန်းမှုကို ခံရတော့မည်ဖြစ်သည်။



ချယ်လ်ဆီးမှ ရောဘတ်ဟုသ်။

ဇီဒန်းအား ယခုကဲ့သို့ အကျည်းတန်သော အပြုအမူကို ဖြစ်ပေါ်စေအောင် မည်သည့်စကားများနှင့်ရန်စမှုများ ပြုလုပ်ပြောဆိုခဲ့သည်ကို ဖီဖာက စစ်ဆေးမည်ဖြစ်သည်။ မာတာရာဇီသည် ထိုနေ့က ဇီဒန်းအား ပြောဆိုခဲ့သည့်အတိုင်း ပြန်ပြောရမည်ဖြစ်ပြီး အခြားမည်သည့်ရန်စမှုများ ပြုလုပ်ခဲ့သည်ကိုလည်း ထုတ်ဖော်ပြောဆိုရမည်ဖြစ်သည်ဟု ဖီဖာက ပြောကြားသည်။

ဇူးရစ်မြို့တွင် ဇူလိုင် ၂၀ရက်၌ ယင်းကိစ္စနှင့်ပတ်သက်၍ ဖီဖာ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ကြားနာစစ်ဆေးမည်ဖြစ်သည်။

ချယ်လ်ဆီးမှ ရောဘတ်ဟုသ်ကို မစ်ဒယ်ဘရော့ ရအောင်ကြိုးစားနေ

ချယ်လ်ဆီးတွင်ကစားနေသော ဂျာမနီနောက်တန်းခံစစ်မှူး ရောဘတ်ဟုသ်အား ခေါ်ယူနိုင်ရေးအတွက် မစ်ဒယ်ဘရော့အသင်းက အစွမ်းကုန်ကြိုးစားလျက်ရှိသည်။ အသက် ၂၁အရွယ်ရှိ ရောဘတ်ဟုသ်သည် ခြေထောက်ဒဏ်ရာရရှိနေသဖြင့် ကမ္ဘာ့ဖလားပွဲနှင့်လွဲခဲ့ရပြီး ဒဏ်ရာဖြင့်လုံးထွေးနေရချိန်များနေရာ ယူရိုငါးသန်းဖြင့် စာချုပ်ချုပ်ယူ ခေါ်ဆိုနိုင်ရေးအတွက် မစ်ဒယ်ဘရော့က ကြိုးစားနေခြင်းဖြစ်သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုရောင်းမည့်စာရင်းတွင် ရောဘတ်ဟုသ်ပါဝင်နေသဖြင့် မစ်ဒယ်ဘရော့က အစွမ်းကုန်ကြိုးစားနေခြင်းဖြစ်သည်။ ။ **(အင်တာနက်)**

ဇီဒန်း၏ တာဝန်ကို လွှဲပြောင်း ယူရဖွယ် ရှိသည့် ပြင်သစ် တောင်ပံကစားသမား ရီဘာရီ။

(ဓာတ်ပုံ-အင်တာနက်)



ပြင်သစ်တောင်ပံကစားသမား ရီဘာရီ အာဆင်နယ်သို့ မပြောင်းဟု ငြင်းဆို

ရေးသားတင်ပြသူ - မြင့်မောင်စိုး

မာဆေး ဇူလိုင် ၁၄

ပြင်သစ်နှင့် မာဆေးတောင်ပံကစားသမား ဖရန့်ရီဘာရီ၏ ကိုယ်စားလှယ်က အာဆင်နယ်အသင်းက အဆိုပါ တောင်ပံကစားသမားအား ပေါင် ၁၀သန်းဖြင့် ခေါ်ယူသည်ဆိုမှုကို ငြင်းဆိုလိုက်သည်။

အသက် ၂၃ နှစ်ရှိအဆိုပါ ကစားသမားသည် ပြင်သစ်လီယွန်အသင်းသို့ ပြောင်းရွှေ့ရန် မီဒီယာများက ဟောကိန်းထုတ်နေချိန် ၎င်းကို အာဆင်နယ်တို့ကလည်း ဆက်သွယ်ခဲ့သည်ဟုဆိုသည်။

မိမိသည် အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးနှင့် ပါရီသို့မဟုတ် ဘယ်နေရာမှ တွေ့ဆုံခဲ့ခြင်းမရှိကြောင်း၊ မည်သည့်ကမ်းလှမ်းချက်မျှလည်း လက်ခံမရရှိကြောင်း ဖရန့်၏ကိုယ်စားလှယ် ဘရူနိုက ပြောကြားသည်။

မည်သည့်ကမ်းလှမ်းချက်မျှမရှိ

ရီးရဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ကလည်း အဆိုပါ ကစားသမားအား စိတ်ဝင်စားမှုရှိသည်ဟု ကောလာဟလများ ပေါ်ထွက်နေကြောင်း၊ သို့ရာတွင် မည်သည့်ကမ်းလှမ်းချက်မျှမရှိကြောင်း ၎င်းက ပြောကြားသည်။

ရီဘာရီသည် အနားယူသွားသော ဇီဒန်း၏ တာဝန်ကိုလွှဲပြောင်းရယူရဖွယ်ရှိသည်။ ၎င်းသည် ကမ္ဘာ့ဖလားတွင် စပိန်အသင်းကို အောင်နိုင်ရေးအတွက် ၎င်း၏ ပထမဆုံးဂိုးကို သွင်းပေးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဖာဘရီဂတ်စ်နှင့်ဝေါလ်ကော့ အာဆင်နယ်က ရောင်းရန်မဟုတ်ဟုဆို

လန်ဒန် ဇူလိုင် ၁၄

အာဆင်နယ်ကစားသမား ဖာဘရီဂတ်စ်သည် ရီးရဲမက်ဒရစ်သို့ ပြောင်းရန်စိတ်မဝင်စားကြောင်း၊ အာဆင်နယ်၌သာ နေလိုကြောင်း ၎င်း၏ အေဂျင့်က ပြောကြားသည်။

ဆန္ဒရှိ

အဆိုပါ ကစားသမားအား ကမ်းလှမ်းလာသော်လည်း ၎င်းအနေဖြင့် အင်္ဂလန်၌သာကစားရန် ဆန္ဒရှိကြောင်း ဖာဘရီဂတ်စ်၏ အေဂျင့် ဂျို့စ်ဘာဒီရက်ဇ်က ပြောကြားသည်။

ထိုအတောအတွင်း အသက် ၁၇ နှစ်အရွယ်ရှိ အာဆင်နယ်တိုက်စစ်မှူး ဝေါလ်ကော့ကိုလည်း အသင်းအတွေ့အကြုံရရှိစေရန် အခြားအသင်းများသို့ အငှားချထားရန် အစီအစဉ်မရှိကြောင်း ဝေါလ်ကော့၏ အေဂျင့်က ပြောကြားသည်။

အာဆင်နယ်နည်းပြ ဝင်းဂါးကလည်း အဆိုပါကစားသမားနှစ်ဦးအား ရောင်းချရန်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ **(အင်တာနက်)**

အာဆင်နယ်မှ ဖာဘရီဂတ်စ်(ဝဲ)နှင့် ဝေါလ်ကော့(ယာ)တို့အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အင်္ဂလန် နည်းပြဟောင်း အဲရစ်ဆင်နှင့် နည်းပြသစ် မက်ကလာရင်တို့ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဤသို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်းကမ္ဘာ့ဖလားမအောင်မြင်မှု အဲရစ်ဆင်အား အက်ဖ်အေက အပြစ်မဆိုသင့်

လန်ဒန် ဇူလိုင် ၁၄

အင်္ဂလန်အသင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မအောင်မြင်ခဲ့ရမှုကို နည်းပြဟောင်း ဆဗင်ဂိုရန်အဲရစ်ဆင်အား အက်ဖ်အေက အပြစ်မတင်သင့်ကြောင်း အင်္ဂလန်တိုက်စစ်မှူးဟောင်း တိုနီဝုဒ်ကလော့က ပြောကြားလိုက်သည်။

အင်္ဂလန်အသင်းအောင်မြင်မှုမရချိန်တွင် အဲရစ်ဆင်ထက် အောင်မြင်မှုရအောင် လုပ်ပေးနိုင်မည့်သူ တွေ့ထားပြီးလားဟု ဝုဒ်ကလော့က အက်ဖ်အေတာဝန်ရှိသူများအား မေးခွန်းထုတ်လိုက်သည်။

အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်တွင် ပေါ်တူဂီအသင်းကို ပယ်နယ်တီဖြင့်ရှုံးနိမ့်ပြီး ကမ္ဘာ့ဖလားမှထွက်ခဲ့ရသည်။ အဲရစ်ဆင်၏ အင်္ဂလန်ကစားသမားများသည် အမှန်တကယ်မှာ ထိုအဆင့်ထိပင် တက်နိုင်ဖွယ်မရှိဟု ဝုဒ်ကလော့က ပြောဆိုလိုက်သည်။

နည်းပြတစ်ဦးဖြစ်လာမည်

အသစ်ရွေးချယ်ထားသော မက်ကလာရင်သည် ဆွီဒင်နည်းပြ အဲရစ်ဆင်ကဲ့သို့ပင် အောင်မြင်သော နည်းပြတစ်ဦးဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားကြောင်း ၎င်းက ပြောကြားသည်။

အက်ဖ်အေအမှုဆောင်အရာရှိချုပ် ဘရိုင်ယန်ဘားဝစ်က အင်္ဂလန်နည်းပြ အဲရစ်ဆင်၏နေရာတွင် ပေါ်တူဂီနည်းပြ လူးဝစ်ဖီလစ်ပီ စကိုလာရီအား ခေါ်ယူရန် မအောင်မြင်ခဲ့၍ မက်ကလာရင်အား နည်းပြသစ်အဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဝုဒ်ကလော့သည် နော့တင်ဟမ်ဖောရက်နှင့် အာဆင်နယ်တိုက်စစ်မှူးဟောင်းဖြစ်သည်။ ၎င်းသည် ၁၉၇၉ခုနှစ်က ဂျာမန်ကိုးလုံးကလပ်သို့ ကြေးအများဆုံးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် ၁၁၈ နေ သမ္မတ နိဗ္ဗာန်ကုန်နှင့် သက်နီးတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် Managing Director, THAMADA Trading Co.,Ltd. သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ Managing Director. THAMADA Family Hotel တို့၏သားကြီး

မောင်ဝင်းမျိုးသန့် B.A (English)

Managing Director, THAMADA Travels and Tours Co., Ltd.

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ အမှတ်(၁၃၃/ခ)နေ ဦးမျိုးမြင့်အောင် Managing Director, Pann Ba Yin Myanmar Co.,Ltd- ဒေါ်ကြည်လှိုင် Director, Pann Ba Yin Myanmar Co.,Ltd.တို့၏သမီးငယ်

မမြမာလာအောင်

Director, Pann Ba Yin Myanmar Co., Ltd.

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများနှင့်ဂုဏ်သရေရှိလူကြီးမင်းများစုံရာရှေ့မှောက်တွင် ၈–၇–၂၀၀၆ရက် Traders Hotel (Myanmar Ballroom)၌ ဓေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းမျိုးသန့်–မမြမာလာအောင်။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

လှိုင်းဘွဲမြို့နေ (ဦးယန်ကွီး)–ဒေါ်အေးအေးတို့၏သားထွေး
No.46, Touchstone Dr, Toronto, Canada နေ

မောင်ကိုကိုအောင်

Electronics Engineering Technician - Computer (Seneca College, Canada)

နှင့်

အမှတ် ၁၄၊ ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ
ဦးမောင်မောင်သန်း–ဒေါ်ခင်ရွှေသိန်းတို့၏သမီးလတ်

မဆွေမာသန်း B.Sc (Chemistry)

(German Car Industries Co., Ltd.)

တို့သည် ၁၆–၆–၂၀၀၆ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လက်ထပ်ပြီးစီးပြီဖြစ်ပါ၍ ၁–၇–၂၀၀၆ရက်တွင် Summit Parkview Hotel၌ ကျင်းပသော မင်္ဂလာညစာခံပွဲ၌ မေတ္တာဖြင့် ဆောင်ရွက်ပေးသော အခမ်းအနားမှူး ဒေါ်သီတဂုဏ်ဖေယျ(ဦးစီးအရာရှိ၊ MRTV.3)၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ဦးချိန်ဟုတ်(MRTV.3)နှင့် Summit Parkview Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကိုကိုအောင်–မဆွေမာသန်း။



ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းမကြီးရှိ သံဃာတော်အပါး ၁၀၀ကျော် သီတင်းသုံးတော်မူကြသော ရတနာဗောဓိ နှစ်ထပ်ကျောင်းတိုက်ကြီး၏ စာသင်ဆောင်အမိုးအတွက် သုခစုစံကုမ္ပဏီမှ ဝန်ထမ်းများက အလှူငွေကျပ်သုံးသိန်းကို ဆရာတော်ထံပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ

The Grand Mee Ya Hta Executive Residences တွင် Pen Sketches & Aesthetics of Art Exhibition ကို ပြသနိုင်သည်အထိ ပန်းချီအနုပညာကို တစ်စိုက်မတ်မတ် လေ့လာလိုက်စားခဲ့သော ဦးလှမြင့်ဆွေ ကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဆက်သွယ်ရေးတပ်ဖွဲ့မှ
ရောင်းရင်းများ။

မြေကွက်(၂)ကွက်အားလေလံတင်ရောင်းချမည်

၁။ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ပိုင် တာမွေမြို့နယ် တောင်မြင်းပြိုင်ကွင်းလမ်းမှ မြေကွက်နှစ်ကွက်အား ဈေးပြိုင်စနစ်ဖြင့် ၂၈–၇–၂၀၀၆ရက် (သောကြာနေ့) ၀၉း၃၀နာရီတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး၌ လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၊ အုတ်ပုံဆိပ်လမ်း၊ မရမ်းကုန်းတွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၆–၇–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း–၆၆၆၉၀၉၊ ၀၉၈၀–၂၀၀၅၀သို့ဖြစ်စေ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး၊ အမှတ် ၈–ခ၊ ပြည်လမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်။

သိပ္ပံကျော် ဦးကျော်မြင့်
GCE, SAT
၂၅၁၊ ဗိုလ်ချုပ်လမ်း၊ လမ်း(၄၀)ထိပ်၊ ဖုန်း–၃၈၆၆၃၉။

အမည်ပြောင်း

အဖဦးဝင်းနိုင်၏သား ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (Grade 11 C°)မှ မောင်ဝင်းမြတ်သူ ၁၂/လမန(နိုင်)၁၄၇၈၇၀အား မောင်ဖွဲ့ရန်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖွဲ့ရန်နိုင်။

ဘာသာစကားကျွမ်းကျင်သူ အမျိုးသမီးဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) ကိုရီးယား (သို့) ပြင်သစ် (သို့) ဂျပန် (သို့) တရုတ် (သို့) အီတလီ(သို့) စပိန် (သို့) အင်္ဂလိပ်စကား တစ်မျိုးမျိုးပြောတတ်ရမည်။
(၂) ပညာအရည်အချင်း အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်ရမည်။
(၃) အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။
(၄) အသက်(၂၀)ဝန်းကျင် ရုပ်ရည်အသင့်အတင့်နှင့် အိမ်ထောင်မရှိသူ အပျိုဖြစ်ရမည်။
(၅) လစာကောင်းကောင်းပေးမည်။
(၆) ဘာသာစကားတစ်ခုထက်ပိုတတ်ပါက လစာပို၍ပေးမည်။
(၇) စိတ်ဝင်စားသူသည် ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း လိုင်စင်ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အမှတ် ၁၁၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မော်ဒန်အချစ်များဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာ၌ကြည့်ရှုနိုင်

ရန်ကုန် ဇူလိုင် ၁၄

ဒါရိုက်တာညွန့်မြန်မာညီညီအောင်၏ **မော်ဒန်အချစ်များ** ဇာတ်ကားကို သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင် ယခုသောကြာပတ်၌ နောက်ဆုံးပတ်အဖြစ် ကြည့်ရှုနိုင်သည်။

ကျောင်းဆရာ ဆရာမများနှင့်သူငယ်ချင်းတစ်စု ပျော်ပျော်ပါးပါး ပျော်ပွဲစားထွက်ရာမှ မပျော်ရဘဲ တစ္ဆေခြောက်သော အိမ်ကြီးသို့ရောက်ရှိရာမှ တစ္ဆေအလိုက်ခံရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော **တစ္ဆေအလိုက်ခံရသူများ** ဗီဒီယိုဇာတ်ကားကို ရွှေမန်း၊ စံပြ၊ သီတာရုံများတွင် ပြသလျက်ရှိသည်။

ရုပ်ရှင်သတင်းထောက်

ရွှေဆောင်ရုံတွင် ဂျက်ကီချန်း ခေါင်းဆောင်ပါဝင်ထားသည့် The Myth ရာဇဝင်ဇာတ်ကား ပြသလျက်ရှိပြီး နေပြည်တော်ရုံတွင် X.Mem (°The° Last°Stand°) ဆက်လက်ဖျော်ဖြေ လျက်ရှိသည်။

မြို့မရုံတွင် မင်းသမီးလေး လီဟန်နီနှင့်မင်းသား ထိုက်ဝါတို့ ခေါင်းဆောင် ပါဝင်ထားသော ကိုရီးယားအချစ်နှင့် အက်ရှင်ဇာတ်ကား Bichunmoo ရုံဝင်လာသည်။

တောခွေးများ၏ အန္တရာယ်ဆက်ကွင်းမှ ကယ်တင်လိုက်သော ကယ်တင်ရှင်ထိုက်ဝါနှင့် လီဟန်နီတို့ စတင်ဆုံစည်းခဲ့ပြီး အမုန်းကြီးလှသော နှစ်ဖက်မိဘများ၏ မပြေနိုင်သော ရန်ငြိုးကြောင့် ငယ်ကျွမ်းဆွေ ချစ်သူနှစ်ဦး ခွဲခွာခြင်းအထိမ်းအမှတ်အဖြစ် ကျောက်စိမ်းဆွဲပြားကို နှစ်ခြမ်းခွဲကာ အချစ်သက်သေထူခဲ့ကြသည်။

ထို့နောက် ဇနီးနှင့်သားအတွက် လက်စားချေသော ဒဏ္ဍာရီထဲကဓားသမား၏အချစ်နှင့်အမုန်းကို ကြေကွဲဖွယ်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဆုထူးပန်ရုံတွင် စူနီးလ်ရှက်တီး၊ ကရစ်တီရယ်ဒီ၊ အာဂျွန်ရမ်းပါးတို့ ခေါင်းဆောင်ပါဝင်ထားသော Pyaar Ishq Mohabbat အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ရွှေဂုန်ရုံ မြေညီထပ်တွင်လည်း မီတာဘဂျန်း ခေါင်းဆောင် ပါဝင်ထားသည့် Kohram ပြသနေပြီး၊ ရွှေဂုန်ရုံ အပေါ်ထပ်တွင် ရော်ဂျာမိုး ပါဝင်ထားသော Moonraker ဂျိမ်းစ်ဘွန်းဇာတ်ကားဖြင့်ဖျော်ဖြေလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲ

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ပထမအကြိမ် ဗန်တို(အတိုက်)ပြိုင်ပွဲကို ၁၆–၇–၂၀၀၆ရက်မှ ၂၀–၇–၂၀၀၆ရက်အထိ နေ့စဉ်နံနက် ၉နာရီ၌ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အားကစားဝါသနာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့(ဝင်ကြေးမရှိ) လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။



နောက်ဆုံးပတ်အဖြစ် ဆက်လက်ပြသဆဲ မော်ဒန်အချစ်များ ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်တို့၏ဇာတ်ဝင်ခန်း။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မြစ်ကြီးနား၌ကျင်းပ ထူးချွန်သူများအားဂုဏ်ပြု သွေးလှူရှင်များအာဟာရပေးအပ်

မြစ်ကြီးနား ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းက မြန်မာအမျိုးသမီးနေ့ ဂုဏ်ပြု အမှာစကားပြောကြားသည်။ **(ဝဲပုံ)**

ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ ကချင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၅၀၀ကျော် တက်ရောက်ကြပြီး အခမ်းအနားတွင် ကချင်ပြည်နယ်အတွင်း ထူးချွန်ဆုရသူများအား ကချင်ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် စေတနာရှင် ၄၁ ဦးတို့က သွေးလှူဒါန်းကြရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းနှင့် အဖွဲ့ဝင်များက သွေးလှူရှင်များအား အာဟာရများ ပေးအပ်ကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော၊ ကွင်းဆင်းဆေးဝါးကုသ

အုတ်တွင်း ဇွန် ၃၀

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်းနှင့်ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၁၇ ရက်က အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်းခန်းမတွင်ကျင်းပရာ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက်ဆရာဝန်ဒေါက်တာ အောင်မျိုးလွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းအတွက် ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့လှူဒါန်းငွေကျပ် တစ်သိန်းကို ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ခင်မေအောင်က တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ ရစ်ချဒ်ဘိုနီသို့ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆက်လက်၍ ကျန်းမာရေးပညာပေးဟောပြောပွဲတွင် ကလေးအထူးကုဆရာဝန် ဒေါက်တာခင်ဆွေဦး၊ မှူခင်းဆရာဝန် ဒေါက်တာတင်အောင်သိန်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်လင်းအေးတို့က ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောကြပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်နှင့်ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။ အဆိုပါ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းတွင် လူနာပေါင်း ၇၀၀ ကျော်အား ဆေးဝါးကုသပေးခဲ့ကြောင်းသိရသည်။ **(၁၁၆)**

စေတနာရှင်ပြည်သူများ စုပေါင်းထည့်ဝင် လှူဒါန်းငွေကျပ် ၁၃၃ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ပြီးစီးသော ပေါင်မြို့နယ်ပြည်သူ့ဆေးရုံ အဆင့်မြင့် တိုးချဲ့ခွဲစိတ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် က အဆိုပါအဆောက်အအုံသစ် မုခ်ဦး၌ ကျင်းပရာ အဆင့်မြင့်တိုးချဲ့ခွဲစိတ်ကုသဆောင်သစ်ကို သထုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်၊ မွန်ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ဝင်းကျော်နှင့် မြို့မိ၊ မြို့ဖ ဦးဘန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(၂၆၀)

ချင်းပြည်နယ်၌ လုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေးမွမ်းမံသင်တန်းဖွင့်

ဟားခါး ဇူလိုင် ၁၃

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးဆောင်မှုဖြင့် ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်း တိုးတက်ရေး မွမ်းမံသင်တန်း အမှတ် စဉ် (၃/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ဆွေးနွေးပို့ချ

အဆိုပါ သင်တန်းသို့ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံး ဝန်ထမ်းများတက်ရောက်ကြပြီး ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်နှင့် ဟားခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမန်စိန်တို့က ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်နှင့် ဝန်ကြီး၏ မှာကြားချက်များ၊ ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်နှင့် အကောင်အထည်ဖော်ရမည့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျိုင်းတုံမြို့ နောင်တုံကန် ပတ်လည် ပလက်ဖောင်း ကျောက်ပြား ခင်းခြင်း လုပ်ငန်းကို ဇွန် ၃၀ ရက် က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးရဲခေါင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော်(၇)ရက်
၁၆-၇-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေသိကောင်းစရာများ- သိပ္ပံမှူးတင်)
၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား [အင်တီအောက်ဆီဒင့်(န်) အကြွယ်ဝဆုံး သဘာဝ ဆေးထုတ်လုပ်မှုအကြောင်း]
၁၁:၃၀ မေတို့တွက်တာ အလှကမ္ဘာ (မိန်းကလေးတို့၏ အလှတရားကို ဖြည့်ဆည်းပေးမှာ)
၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ် (၁) မိုး(သို့မဟုတ်)ပုလဲသွယ် (၂) ရှင့်တနင်္ဂနွေ (၃) မောင့်အတွေးထဲကနိဗ္ဗာန်ဘုံ
၁၂:၀၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲအစီအစဉ် (သစ်ပင်စိုက်ကြ ဇူလိုင်လ)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (မေမေပြန်ဖို့ ပြင်ရမယ်)
၁၃:၁၀ ယဉ်ကျေးမှု အနုပညာ (သတ္တဌာန ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်-ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်ပါဠိနှင့်အနက်
၁၇:၀၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့မှ တေးသံစုံ-ဓမ္မတေး)
၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မဲဇာတောင်ခြေ ရတုနှင့်ပတ်ပျိုး-တက္ကသိုလ်ညိုသန့်)
၁၇:၃၀ သူ့အလှည့် (အိဖြူ)
၁၈:၄၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၉:၁၅ မြန်မာမှု မြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်ဖွားတော်မူခန်း-ပထမပိုင်း)
၂၀:၃၀ မြန်မာမှု မြန်မာ့သဘင် (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်ဖွားတော်မူခန်း-ဒုတိယပိုင်း) -အဖိတ်နေ့ နှိုးဆော်ချက်

ချုံနွယ်များရှင်းလင်း

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်ကြီးထောင့် မြို့နယ်ဆေးရုံဝန်းကျင်ရှိ ရေမြောင်းများ တူးဖော်ခြင်း၊ လမ်းဘေးဝဲယာတွင် ချုံနွယ်များ ရှင်းလင်းခြင်းများ ဆောင်ရွက်မှုကို ဇွန် ၂၆ ရက်က မြို့နယ်ဥက္ကဋ္ဌဦးဝင်းရွှေ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။
(၁၀၈)

ရှောင်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

ရှောင် ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရှောင်မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် ခြံစည်းရိုး ကြက်ဆူပင်စိုက်ကွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်၌ ရှောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အင်းကုန်းရပ် ပြည်သူများက ခြံစည်းရိုးကြက်ဆူပင်၊ ပနားမားင၊ စိန်ပန်းပြာ၊ ရေသင်းဝင် အပင်ပေါင်း ၁၅၀၀ ကို စုပေါင်း စိုက်ပျိုးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ပန်း ဘဲ တန်း မြို့နယ် မဟာသိမ်တော်ကြီး ဂေါပက အဖွဲ့နှင့် ကျောက်တံ တား၊ ပန်း ဘဲ တန်း၊ လသာ သုံးမြို့နယ် စုပေါင်း၍ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၉ ရက်က ကျင်းပရာ ပန်းဘဲတန်းမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၃၅၂)

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကြီးမှူး စာသင်တိုက်များသို့ ရေချိုငါးပိများလှူ

ဓနုဖြူ ဇွန် ၃၀

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ မြို့ပေါ်ရှိ စာသင်တိုက်များသို့ ဝါတွင်းသုံးလ ဆွမ်းဟင်းလျာအထောက်အကူပြု ရေချိုငါးပိများကို နှစ်စဉ်လှူဒါန်းလျက်ရှိရာ ဇွန် ၁၈ရက် မွန်းလွဲ ၁နာရီက မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင် ဦးဆောင်၍ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးအရာရှိ ဦးတင်ထွန်းအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့ပေါ်ရှိ စာသင်တိုက်ကိုးတိုက်နှင့် သီလရှင်စာသင်တိုက်များသို့ သွားရောက်၍ ရေချို ငါးပိများကို စာသင်သားဦးရေအလိုက် အချိုးကျလှူဒါန်းရာ စာသင်တိုက် ၁၀ တိုက်ရှိ ရဟန်း၊ သံဃာ၊ သီလရှင် အပါး ၅၀၀ကျော်တို့အား ရေချိုငါးပိ ပိဿာချိန် ၈၀၀ကျော်(တန်ဖိုးငွေကျပ် ရှစ်သိန်းကျော်ဖိုး) ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းမှုအစုစုကို မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် တာဝန်ရှိသူများက ရေစက်ချတရားတော်နာယူကြပြီး အမျှပေးဝေကြသည်။ **(ဝ၅)**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အစိုးရကွန်ပျူတာကောလိပ်(တတိယနှစ်)ကျောင်းသူ မဟန်ဆုဆွေအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ သင်တန်းဖွင့်

မင်းဘူး(စကု) ဇူလိုင် ၅

မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် စကုမြို့ဘက်ခြမ်းရှိ အခြေခံပညာမူလတန်းပညာရေးအုပ်စုများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် မြန်မာ-ဂျပန် ပညာရေးပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇွန် ၁၇ရက် နံနက် ၉နာရီက စကုမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားသို့ မင်းဘူး(စကု)မြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းရွှေ၊ မကွေးပညာရေးကောလိပ်မှ ဆရာ ဦးခင်မောင်ကြင်တို့က ဂျပန်-မြန်မာပူးပေါင်းစီစဉ်သော ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး(**အောက်ပုံ**) အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်ခဲ့

သင်တန်းသို့ စကုမြို့နယ်အနောက်ခြမ်း ပညာရေးအုပ်စုများမှ သင်တန်း သား ဆရာ ဆရာမ ၁၂၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်၁၇မှ ၂၆ရက်အထိ ဖွင့်လှစ်ခဲ့သည်။ **(၃၄၈)**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဇွန် ၁၈ ရက်က မြို့နယ် ဘိုးဘွားရိပ်သာ စိန်ရတုခန်းမ ဆောင်၌ကျင်းပရာ အခမ်းအနားတွင် အသင်းဝင်များ၏ ထည့်ဝင်လှူဒါန်းငွေများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က လက်ခံယူစဉ်။ (ဝ၆၄)

ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာပေးအပ်

မန္တလေး ဇူလိုင် ၂

၂၀၀၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာ ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၁ရက် နံနက်၉နာရီက ၂၉လမ်းရှိ မန္တလေးတိုင်း မီးသတ်ဦးစီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ တိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းက ၂၀၀၆ ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာပေးအပ်ရခြင်းကို ရှင်းလင်း ပြောကြားသည်။

ထောက်ပံ့

ထို့နောက် တက္ကသိုလ်အဆင့် လေး ဦးအား တစ်ဦးလျှင် ကျပ် ၁၄၉၂၀၀ တန်ဖိုးရှိ ဝတ်စုံနှင့် စာရေးကိရိယာများ၊ အထက်တန်းအဆင့် ငါးဦးအား တစ်ဦးလျှင် ကျပ် ၁၅၀၇၀ တန်ဖိုးရှိ ဝတ်စုံနှင့် စာရေးကိရိယာများ၊ အလယ်တန်းအဆင့် ၁၄ ဦးအား တစ်ဦးလျှင် ကျပ် ၁၁၅၇၀ တန်ဖိုးရှိ ဝတ်စုံနှင့် စာရေးကိရိယာများ၊ မူလတန်းအဆင့် ၂၃ ဦးအား တစ်ဦးလျှင် ကျပ် ၉၀၇၀ တန်ဖိုးရှိ ဝတ်စုံနှင့် စာရေးကိရိယာများကို တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ ခရိုင်အရန်မီးသတ် ကြီးကြပ်ရေး ကော်မတီဝင် ဦးကျော်လွင်က ကျောင်းသားကျောင်းသူ ၄၆ ဦးတို့အား တစ်ဦးလျှင် ကျပ်တစ်သောင်းစီ ထောက်ပံ့ပေးအပ်သည်။ **(၁၆၂)**

ရေထွက်ပစ္စည်းဒိုင်များ ကွင်းဆင်းစစ်ဆေး

ပုသိမ် ဇွန်၃၀

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းဝေသည် ဇွန် ၂ ရက်က ပုသိမ်ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်စော၊ကျောင်းကုန်းမြို့နယ် ဦးစီးမှူး ဦးလှမြင့်နှင့် ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ရေထွက်ပစ္စည်းသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးရစ်၊ငါးသန့် ကာကွယ်စောင့်ရှောက်ရေးအတွက် ပုသိမ်မြို့ မာတရပ်ရှိ ရေထွက်ပစ္စည်း ဝယ်ယူစုဆောင်းသော ဒိုင်များကို ကွင်းဆင်းစစ်ဆေး ကြောင်း သိရသည်။ **(က-ပ)**

နောင်ချိုပြည်သူ့ဆေးရုံဝင်း၌ ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

နောင်ချို ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက်နံနက် ၉ နာရီက ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပြည်သူ့ဆေးရုံဝန်ထမ်းများနှင့် မြို့မိမြို့ဖများ တက်ရောက်စိုက်ပျိုးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြဌေး၊ အတွင်းရေးမှူး ဒေါ်တင်အေးနှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းတို့က ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ ကို စိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကော့ သောင်း မြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် ရပ်ကွက် ပြည်သူများ ပူးပေါင်း၍ ရေစီးရေလာကောင်းမွန်ရေး အတွက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၄ ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ဝန်ကြီးဦးအောင်သောင်း အုတ်စက်ရုံ အမှတ်(၁)စီမံကိန်း(နေပြည်တော်) ကြည့်ရှုစစ်ဆေး အုတ်စိမ်းများတိုးတက်ထုတ်လုပ်ရန်နှင့် အုတ်ညှစ်စက်များတိုးချဲ့တပ်ဆင်ရေးမှာကြား





နေပြည်တော် ဇူလိုင် ၁၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက် ၇နာရီက မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာ အုပ်စု မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းမှ အကောင်အထည်ဖော် လျက်ရှိသော အုတ်စက်ရုံ အမှတ် (၁) စီမံကိန်း (နေပြည်တော်)သို့ ရောက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၅ ●

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအုပ်စု မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ အုတ်စက်ရုံအမှတ်(၁) စီမံကိန်း (နေပြည်တော်) အုတ်ဖိုတွင် အုတ်စိမ်းများနေလှန်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ပြည်တွင်းပြည်ပအဖျက်သမားများ၏ ဟန့်တားပိတ်ဆို့မှုမျိုးစုံနှင့် အခက်အခဲမျိုးစုံကြားမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေနယ်ချဲ့တို့ နောက်ကကြိုးကိုင်ခြယ်လှယ်ပြီး ခေတ်သစ်ကျွန်ပြုနည်းကိုကျင့်သုံး

ခေတ်သစ်ကျွန်ပြုနည်းဖြင့် ကျွန်ပြုခြင်းမခံရအောင်အထူးသတိပြု

ရန်ကုန် ဇူလိုင် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၉ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် သေတ္တာရာကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ကျေးနင်းကြီးကျေးရွာသို့သွားရောက်ပြီး ရွာဦးကျောင်းဆရာတော်နှင့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ကျေးနင်းကြီးကျေးရွာ ဝိဝေကမဓမ္မသာလာမဏ္ဍပ်၌ ကျင်းပသော ကျေးလက်ပြည်သူနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါဆွေးနွေးပွဲသို့ ပုလဲမြို့နယ်အတွင်းရှိ ကျေးနင်းကြီး၊ နားတော်ဖောက်၊ သင်တီးကန်(အရှေ့)၊ သင်တီးကန်(အနောက်)၊ ဇေတီယျုံ၊ သေတ္တာရာ၊ မြကုန်း၊ ကြောင်သန်း၊ မုံကြိုင်း၊ ဆင်ရှင်၊ ငှက်ပျောတော(တောင်)၊ ငှက်ပျောတော(မြောက်)၊ ညောင်ကိုင်း၊ ညောင်ပင်စောက်၊ ခေါ်သန္တိ၊ ညောင်ပင်သာ၊ ကျေးသမ္ဘား(အရှေ့)၊ ကျေးသမ္ဘား(အနောက်)၊ မင်းမ(အရှေ့)၊ မင်းမ(အနောက်)နှင့် အိုင်းရောင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၀၀၀ကျော်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် လှိုင်းချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)